


# ငါသေရင် အပါယ်သွားဦးမှာလား

( ၁၄ ၊ ၆ ၊ ၆၂ )

၃၉

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော်
အမှတ်စဉ် (၁၁)မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့တွင်ဟောကြားတော်မူသောတရားတော်

# ငါသေရင်
# အပါယ်သွားဦးမှာလား

(၁၄-၆-၆၂)

စာမူခွင့်ပြုချက်အမှတ် (၅၆/၉၆) (၄)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ဗဟန်း၊
ရန်ကုန်မြို့။ ဖုန်း - ၅၄၁၈၆၀

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ်(၈၄/၈၆)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ငါသေရင် အပါယ်သွားဦးမှာလား

(၁၄-၆-၆၂)

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ရှေ့ပိုင်းက နည်းနည်းပြောပေးမယ်၊ အားလဲအကုန်ထုတ်ကြပါဆိုတာ သတိပေးလိုက်တယ်နော်. . . ။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ရှေ့ပိုင်းက သတိပေးလိုက်သည်လို့ မောင်နိုင်. . . မှတ်ရမယ်နော်. . . (မှန်ပါ့) အားလဲထုတ်ကြပါဆိုတာကိုလည်း တိုက်တွန်းတယ်နော်. . . ။

ဘာကြောင့် ဘုန်းကြီးက တိုက်တွန်းရပါလိမ့်မလဲလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေက မေးကြလို့ရှိရင်ဖြင့် ပုထုဇဉ် အဖြစ်နဲ့ သေလို့ရှိရင်ဖြင့် ကျောင်းဆောက်ထားတာ၊ ဘုရား

တည်ထားထား၊ ရေကန်တူးထားထား၊ ဝိနိပါတိကဘေး ဆိုတာ မောင်နိုင်မလွတ်ဘူးတဲ့. . . (မှန်ပါ့ဘုရား)။

**ဗရမ်းပတာကျတဲ့ဘေး**

ဝိနိပါတိကဘေးဆိုတာ ဒကာဒကာမတွေက မသိဘဲ နေမှာစိုးလို့ မြန်မာလိုပြန်လိုက်တော့ ဗရမ်းပတာကျတဲ့ ဘေးလို့ ကိုစောမောင် မှတ်စမ်းပါ. . . (မှန်ပါ့) ဒါ ပုထုဇဉ် အဖြစ်နဲ့ သေလို့ရှိရင် ဗရမ်းပတာပဲ. . . (မှန်ပါ့)။

ဗရမ်းပတာဆိုတာသည် နွေအခါမှာ သစ်ပင်တွေ ခြောက်နေတဲ့အခါကျတော့ ကိုစောမောင်တို့ ဦးဘရှင်းတို့ နိုင်တဲ့သစ်ပင်ကလေး အရင်းကနေ ကိုင်လှုပ်လိုက်တာပေါ့၊ အရင်းကနေ ကိုင်လှုပ်လိုက်တဲ့အခါကျတော့ သစ်ရွက်တွေ ဟာ ကျချင်တဲ့ဆီ ကျတယ်. . . (မှန်ပါ့)။

ဘယ့်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် လှုပ်လိုက်တဲ့အခါ ဗရမ်းပတာကျရမည့် ပင်ကိုသဘော ရှိနေလို့ ကျရတော့တယ်ဆိုတာ ငြင်းဖို့ မလိုတော့ပါဘူး. . . (မလိုပါဘုရား)။

ထို့အတူပဲ. . . တဲ့၊ ပုထုဇဉ်အဖြစ်နဲ့ သေရင်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဗရမ်းပတာဘေးလွတ် လိမ့်မယ်လို့ ငါ-မဟောနိုင်ဘူးတဲ့. . . (မှန်ပါ့)၊ သဘောပါကြ ပလား. . . (ပါ, ပါပြီဘုရား)။

ဒါဖြင့် ပုထုဇဉ်အဖြစ်နဲ့ သေလို့ရှိရင် ဒကာဒကာမတွေ ကြောက်စရာ၊ လန့်စရာကြီးပါကလား (မှန်ပါ့) မောင်နိုင်. . . ကြောက်စရာကြီးနော်. . . (မှန်ပါ့)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ အထူးကို ဘာမှ ဆရာဘုန်းကြီးက မမှာပါဘူးတဲ့၊ ရှေ့နောက်ကလေး ခွဲပေးပါဆိုတာ တစ်လုံးပဲမှာတယ်. . . (မှန်ပါ့)။

ရှေ့နောက်ဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ ဗရမ်းပတာ ဘေးလွတ်တာကို ရှေ့ထားပါ (မှန်ပါ့) ပြီးတော့မှ သားရေးသမီးရေး စီးပွားရေးလုပ်ပါဆိုတော့ ဦးဘရှင်း မကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)။

ဦးဘအုန်းတို့ ကောင်းတယ်နော်. . . (မှန်ပါ့)။

အဲဒီတော့ ဒီလို ရှေ့နောက်ခွဲပေးမည့် ဆရာသမားဆိုတာလည်း ကိုစောမောင် မလွယ်ဘူး. . . (မလွယ်ပါဘုရား)။

မလွယ်ဘူးတဲ့ - အဲဒီ့မလွယ်တဲ့အထဲမှာ အခု ထိုးထိုးထွင်းထွင်း ပေါ်ပြီးသကာလ လာပြန်တော့ ဩော်. . . ရှေ့နောက်ခွဲလိုက်ပါဦး၊ ဗရမ်းပတာဘေး စိတ်မချရသေးတဲ့ ပုထုဇဉ်အဖြစ်နဲ့ မသေပါနဲ့၊ သောတာပန်အဖြစ်နဲ့ သေပါလို့ဆိုတာ သတိပေးလိုက်တယ်။

ဒါဖြင့် ဘုရားတပည့်တော်တို့ ပုထုဇဉ်အဖြစ်နဲ့ သေရင် ဗရမ်းပတာဘေးသင့်ပါတယ်၊ ငရဲလည်း ကျချင် ကျသွားမယ်၊ တိရစ္ဆာန်ဘုံလည်း. . . (ကျချင်ကျသွားမယ်) အမှန်ရှိပါ့မလား. . . (မရှိပါဘုရား)။

## ရေကပတ္တနဂါးကြီး

ဟို. . . ရေကပတ္တနဂါးကြီးဟာ ရဟန်းကနေပြီး နဂါးသွားဖြစ်တယ်. . . (မှန်ပါ့) ဗရမ်းပတာဘယ်လောက် ကျလိုက်သလဲမောင်နိုင်၊ ရဟန်းကနေပြီး နဂါးကြီးသွားဖြစ် တယ် . . . (မှန်ပါ့)။ ဗရမ်းပတာ ကျသွားတာ မသေချာ ဘူးလား. . . (သေချာပါတယ်)။

## ပြဟ္မာကြီးကဝက်ဖြစ်တယ်

သေချာတယ်တဲ့၊ ပြဟ္မာကြီးကနေပြီး ဝက်ဖြစ်သွား တာ. . . ဒါတွေလည်း ဘာဘေးပါလိမ့်. . . (ဗရမ်းပတာ ဘေးပါဘုရား)။

ကြည့်စမ်းပါဦး - ဒကာဒကာမတို့၊ အထက် ကောင်းကင်မှာ ရောက်နေတဲ့ ပြဟ္မာကြီးကနေပြီး လူ့ပြည် လာပြီး ကျင်ကြီးစားတဲ့ဝက် ဖြစ်ရတယ်ဆိုတော့ ကိုသောင်း ကောင်းသေးရဲ့လား (မကောင်းပါဘုရား)၊ ဘာဘေးသင့် တာတဲ့. . . (ဗရမ်းပတာဘေးသင့်ပါတယ်ဘုရား)။

အဲဒါကြောင့် ဗရမ်းပတာဘေး လွတ်ဖို့ရာကို ဘုန်းကြီးက ရှေ့ထားပါ၊ ပြီးတော့မှ သားရေး၊ သမီးရေး ခင်ဗျားတို့ တည်ထောင်ပြီးသားဖြစ်တော့ မကျွေးမမွေးလည်း မဖြစ်လို့ လုပ်ကြတာပေါ့ (မှန်ပါ့)။

မကန့်ကွက်ပါဘူး ဒကာကြီးလှိုင်ရ. . . (မှန်ပါ့) ကျွေးကြပါ၊ မွေးကြပါ၊ ခင်ဗျားတို့ သားတွေ-သမီးတွေကို ဝ,အောင် လှ,အောင် ကျောင်းကန်ထားပေးပြီးသကာလ လူလားမြောက်အောင် လုပ်ကြပါလို့ဆိုတာ မိဘဝတ္တရားကို ဘုန်းကြီးတို့က ပယ်လို့မဟုတ်ပါဘူး၊ ရှေ့နောက်ကလေးခွဲပါ ဆိုတာကလေး စကားသုံးတာပါ. . . (မှန်ပါ့) သဘောပါ ကြလား. . . (ပါ, ပါပြီဘုရား)။

ဘာလုပ်ကြရမယ်. . . (ရှေ့နောက်ခွဲရပါမယ် ဘုရား)။

ရှေ့နောက်ကလေး ခွဲလိုက်ကြပါ၊ ဗရမ်းပတာဘေး လွတ်အောင်၊ လွတ်တာကို ရှေ့ထားပြီးတော့မှ ကျောက် ကုန်သည်ကြီးလုပ်-လုပ်၊ ကျောက်ကုန်သည် အလတ် လုပ်-လုပ်၊ တွင်းထောင်ထောင်၊ လုပ်ကြတာပေါ့. . . ဆိုတာတော့ မကန့်ကွက်ပါဘူးနော်. . . (မှန်ပါ့)။

## ဘေးလွတ်အောင်ဘယ်လိုလုပ်ရမှာတုံး

ဒါဖြင့် ဗရမ်းပတာဘေးလွတ်အောင် တပည့်တော်တို့ ဘယ်လိုလုပ်ရမှာတုံးဘုရား. . . ဆိုတဲ့ မေးခွန်းထွက်လာတယ်. . . (မှန်ပါ့ဘုရား) ကိုစောမောင်၊ ဒါပြောတော့မယ်. . . (မှန်ပါ့)။

ဗရမ်းပတာ ဘေးလွတ်အောင် ခင်ဗျားတို့ကို ပြောပါမယ်၊ ဗရမ်းပတာဘေး လွတ်အောင်ဆိုတော့ လွယ်ပါတယ်ကွာ. . . တဲ့။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကိုယ့်ခန္ဓာထဲဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် ကိုယ် ရှင်းနိုင်ရမယ်. . . (မှန်ပါ့)။

ဘာတဲ့တုံး. . . (ကိုယ့်ခန္ဓာထဲဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကိုယ်. . . ရှင်းနိုင်ရပါမယ်ဘုရား)။

အင်မတန်အရေးကြီးပြီး ပြောနေတယ်လို့လည်း မှတ်ပါနော်. . . (မှန်ပါ့) ဗရမ်းပတာဘေးလွတ်အောင် ပြောတော့ မလို့၊ ကိုယ့်ခန္ဓာထဲမှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ကို၊ ကိုယ်. . . ရှင်းအောင်လုပ်ပါ. . . (မှန်ပါ့ဘုရား)။

ကိုပေါ်-ဘာတဲ့. . . (ကိုယ်ခန္ဓာထဲရှိတဲ့ ပဋိစ္စသမုပ္ပါဒ် ကိုယ်ရှင်းအောင် လုပ်ရပါမယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဆိုတာက စာမှာရှိတာမဟုတ်ဘူးလို့ ဦးဘရှင်းက မှတ်ပါ. . . (မှန်ပါ့) ခန္ဓာထဲမှာရှိတယ်. . . (မှန်ပါ့)။

နောက်က ဒကာဒကာမတွေ ဘယ်မှာရှိသလဲ. . . (ခန္ဓာထဲမှာ ရှိပါတယ်ဘုရား)။

ခန္ဓာထဲမှာ ရှိတယ်ဆိုတဲ့ဥစ္စာ ခန္ဓာထဲမှာ ပေါ်လာတာက ကြည့်ပါလား. . . တဲ့၊ ဥပမာမယ် ကျောင်းကလေးဆောက်တယ် ဘုရားကလေး တည်ချင်တယ်၊ ကျောင်းဆောက်မှ ဒို့နောက်ဘဝကို ဘုံနန်းပေါက်ပြီးသကာလ သွားနေရမှာ၊ မောင်နိုင် ဒီဥစ္စာ စိတ်ကူးမရှိပေဘူးလား. . . (ရှိပါတယ်ဘုရား)။

## ကျောင်းဆောက်ရင် ဘုံပေါက်တယ်တဲ့

ကျောင်းဆောက်ရင် ဘုံပေါက်သတဲ့၊ အဲဒီတော့ ဘုံပေါက်အောင် ကျောင်းဆောက်ဦးမှပဲ၊ ဒါမှ ဒို့သွားနေရမှာဆိုတော့ ဒကာဒကာမတွေကလည်း ဒီအတိုင်းသာ စကားပြောနေတာ၊ သူ ပဋိစ္စသမုပ္ပါဒ်ပေါ်နေတယ်လို့ မသိဘူး. . . (မှန်ပါ့)။

စင်စစ်ကတော့ ပဋိစ္စသမုပ္ပါဒ်ပေါ်နေတာ၊ ဘယ်လိုပေါ်နေသတုံးဆိုတော့ ဦးဘကလေး မှတ်လိုက်ပါ၊ သူဟာ နတ်ပြည်ရောက်ရင် အိုမယ်၊ နာမယ်၊ သေမယ်ဆိုတာ သူ သိသေးရဲ့လား (မသိပါဘုရား)။

မသိတော့ သူသည်မောင်နိုင်-အဝိဇ္ဇာပေါ်နေတယ်

(မှန်ပါ့) အဝိဇ္ဇာပေါ်တာနဲ့ပဲ. . . ဒါနကုသိုလ်, သီလကုသိုလ်, ကျောင်းဆောက်တဲ့ ကုသိုလ်လုပ်မှုပဲ ဒါမှ နတ်ဖြစ်မှာပဲ ဆိုတော့ မသိလို့ မောင်နိုင်-လှူပြန်တယ်. . . (မှန်ပါ့) မသိတာက အဝိဇ္ဇာ၊ လှူတဲ့စေတနာက သင်္ခါရ၊ ဒါ ပဋိစ္စသမုပ္ပါဒ် ပေါ်နေတာ၊ မပေါ်သေးဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ သင်္ခါရပစ္စယာ. . . ဆိုတော့ စုတေမနေ သေလွန်သွားတဲ့အခါ ဟိုမှာ နတ်ပဋိသန္ဓေ နတ်ဝိညာဏ် မနေဘူးလား (နေပါတယ်ဘုရား)။

ကဲ. . . ဒါဖြင့် ကျောင်းဆောက်တဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့် ပဋိစ္စသမုပ္ပါဒ် ကိုယ်သိလို့လား. . .၊ သူ့ဟာသူ ပြောမိပြောရာ၊ လုပ်မိလုပ်ရာ လုပ်နေတာလား (လုပ်မိလုပ်ရာ လုပ်နေတာပါဘုရား)။

သူလိုချင်တာက ကြည့်လေ - နတ်ပြည်ကျလို့ရှိရင် နတ်သမီး နတ်သားတွေနဲ့ ပျော်ပျော်ပါးပါးနဲ့ ကိုစောမောင် ပဒေသာပင် ဆွတ်စားပြီး စိတ်ချမ်းသာ လက်ချမ်းသာ နေချင်တဲ့ သဘောသူ့မှာ မပါဘူးလား. . . (ပါ, ပါတယ် ဘုရား) နတ် ဒုက္ခသစ္စာကို လှမ်းမြင်လိုက်သေးရဲ့လား. . . (မမြင်ပါဘုရား)။

ဒါဖြင့် မမြင်တာက ဘယ်သူတုံး. . . (အဝိဇ္ဇာပါ ဘုရား) မမြင်တော့ ကျောင်းဆောက်ချင်တဲ့ စေတနာနဲ့

ဆောက်လိုက်တယ်ဆိုပါတော့၊ ဆောက်လိုက်တဲ့ စေတနာက မောင်နိုင် သင်္ခါရ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

## နတ်ပြည်ဒုက္ခသစ္စာ

နတ်ပြည် ဒုက္ခသစ္စာလို့ မမြင်တာက. . . (အဝိဇ္ဇာ ပါဘုရား) ဆောက်လိုက်တာက. . . (သင်္ခါရပါဘုရား)။

ဒါကြောင့် ဒီပုဂ္ဂိုလ်သေတဲ့အခါကျတော့ သင်္ခါရ ပစ္စယာ (ဝိညာဏ်ပါဘုရား) ဟော. . . ဝိညာဏ်ဆိုတော့ ဒကာဒကာမတွေ နတ်ပြည်သွားပြီး နတ်အထည်ကြီး သွား ဖြစ်တော့ ပဋိသန္ဓေ ဝိညာဏ်ဖြစ်ရတဲ့အတွက် ဒုက္ခသစ္စာ သွားဖြစ်တယ် (မှန်ပါ့)။

အဲဒါ. . . ကိုစောမောင်တို့က ကိုယ့်ခန္ဓာထဲမှာ ဘယ်သူက လုပ်ပါလိမ့်မလဲ မသိတော့ ပဋိစ္စသမုပ္ပါဒ် မသိ ဘူး. . . (မှန်ပါ့)။

အခု ရှေးဦးစွာ. . . ကျောင်းဆောက်ချင်တယ်၊ ဘုံပေါက်အောင်လို့ နတ်သား, နတ်သမီးဖြစ်ချင်လို့ ဆိုတာက မောင်နိုင်က လက်သည်ရှာလိုက်၊ ဘယ်သူပါလိမ့်မတုံး (အဝိဇ္ဇာပါဘုရား)။

သူက မသိလို့. . . (မှန်ပါ့) ဒုက္ခသစ္စာလည်း သူသိ သေးရဲ့လား. . . (မသိပါဘုရား)။

ဒါဖြင့် သူက မသိအောင် လုပ်ထားတော့ ဒကာ ဒကာမတွေက ကဲ. . . ဆောက်မှပဲဆိုပြီး ငွေလေးဘာလေး ထုတ်ပြီး စေတနာကောင်းကောင်းနဲ့ ဆောက်လိုက်ကြ တယ်. . . (မှန်ပါ့) ဆောက်လိုက်တဲ့အခါကျတော့ ဆောက် တဲ့စေတနာက သင်္ခါရ၊ မသိတာက (အဝိဇ္ဇာပါ) ရှင်းပြီ နော်. . . (ရှင်းပါပြီဘုရား)။

ဆောက်တဲ့စေတနာက (သင်္ခါရပါဘုရား) ကိုင်း-ကျောင်းဆောက်ပြီး ရေစက်ချပါ၊ ချပြီး. . . ပြီးပါပြီဆိုတော့ မှ ဒီပုဂ္ဂိုလ်အသက်တိုင်းနေလို့ သေတဲ့အခါကျတော့ သင်္ခါရ ပစ္စယာ. . . (ဝိညာဏ်ပါဘုရား) ဝိညာဏ်ဆိုတော့ ပဋိသန္ဓေ ဝိညာဏ်က မလာဘူးလား. . . (လာပါတယ်ဘုရား) ပဋိသန္ဓေဝိညာဏ်လာတော့ ဘာသစ္စာလဲ. . . (ဒုက္ခသစ္စာ ပါဘုရား)။

ဒါဖြင့် သူ နဂိုက ကျောင်းဆောက်တာဟာ အဝိဇ္ဇာ စက်ကင်းရဲ့လား. . . (မကင်းပါဘုရား)။ ဒါဖြင့် သူ နိဗ္ဗာန် ရပါ့မလား. . . (မရပါဘုရား)။

## အဝိဇ္ဇာပါနေတယ်

အဝိဇ္ဇာပါနေတယ် မောင်နိုင်ရ၊ အဝိဇ္ဇာပါနေတော့ ရပါ့မလား. . . (မရပါဘုရား)။

မရတော့ အဝိဇ္ဇာက ဘာလုပ်သတုံးလို့ မေးလိုက်တဲ့အခါကျတော့ အဝိဇ္ဇာပစ္စယာ. . . (သင်္ခါရာပါဘုရား)။ ဟောဒီစေတနာကလဲ ကိုစောမောင်က စဉ်းစားပါတော့ အဝိဇ္ဇာအုပ်ချုပ်တဲ့ စေတနာ ဟုတ်-မဟုတ် (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာ အုပ်ချုပ်တဲ့ စေတနာ ဟုတ်တယ် မဟုတ်တယ်၊ တစ်ခါ ဒီထက်သိချင်ပါသေးတယ်ဘုရား၊ တပည့်တော် ပဋိစ္စသမုပ္ပါဒ်ကို သိချင်ပါသေးတယ် ဆိုတော့ သေသည်၏ အခြားမဲ့၌ ဟိုမှာ ပဋိသန္ဓေဝိညာဏ်မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား) ဘာသစ္စာပေါ်သလဲ (ဒုက္ခသစ္စာ ပေါ်ပါတယ်ဘုရား)။

ကဲ. . . ဒါဖြင့် သူ့ဒဏ်ချက်ပဲ. . . (မှန်ပါ့) အဝိဇ္ဇာ၏ ဒဏ်ချက် (မှန်ပါ့). . . ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘယ်သူ၏ ဒဏ်ချက်ပါလိမ့်. . . (အဝိဇ္ဇာ၏ ဒဏ်ချက်ပါဘုရား) အဝိဇ္ဇာဒဏ်ချက်ဆိုတာ ဦးဘရှင်းကောင်းကောင်း ရှင်းပလား (ရှင်းပါပြီ) ကိုပေါ်တို့. . . (ရှင်းပါပြီ)။

ဒီလို မသိတဲ့ပုဂ္ဂိုလ်တွေ လုပ်နေတာကို သူ့ ပဋိစ္စသမုပ္ပါဒ် သူမသိလို့ သူလုပ်နေတယ်. . . (မှန်ပါ့)။

ကဲ. . . ဒီဒကာဒကာမတွေက အခုဘုန်းကြီးများနဲ့ ဆရာဒကာရင်းနေလို့ ယဉ်ကျေးပြီးသား ဖြစ်နေတော့. . . ကဲ. . ကျောင်းဆောက်မယ်၊ ဘုရားတည်မယ်၊ သူလုပ်ချင်လည်း လုပ်မှာပေါ့ဗျာ. . . (မှန်ပါ့)။

လုပ်ပင် လုပ်ငြားသော်လည်း ဒကာဒကာမတွေက အင်း. . . ဒီခန္ဓာဝန် - ဒုက္ခဝဋ် - ဒုက္ခသစ္စာကြီးကို ကျွတ်ချင်လွတ်ချင်တယ်ဆိုတော့ ကျွတ်ချင်လွတ်ချင်လို့ ဆောက်ဦးမှပဲ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

## ဝိဇ္ဇာနဲ့ စိတ်ကူးတော့ သင်္ခါရမလာပါ

ဒါကျတော့ ကျွတ်ချင်လွတ်ချင်တာက ခန္ဓာကိုယ် ဒုက္ခသစ္စာကြီးကို လက်ရှိ ခန္ဓာကြီးကို ကျွတ်ချင်လွတ်ချင်တယ် ဆိုတော့ နောက် ခန္ဓာလိုချင်သေးသလား. . . (မလိုချင်ပါဘုရား)။

အဲဒီကျတော့ စိတ်ကူးကတည်းက သူဝိဇ္ဇာနဲ့ စိတ်ကူးတယ် (မှန်ပါ့)။

ဝိဇ္ဇာနဲ့ စိတ်ကူးတော့ သင်္ခါရလာသေးသလား. . . (မလာပါဘုရား) သင်္ခါရမှ မလာဘဲနဲ့ ဝိညာဏ်ကကော. . . (မလာပါဘုရား)။

ဒါဖြင့် သင်္ခါရကို ချုပ်စေတယ်. . . (မှန်ပါ့) ဝိညာဏ်ကိုလည်း (ချုပ်စေပါတယ်ဘုရား)။

ကဲ. . . သွားလိုက်ပါတော့၊ ဝိညာဏ်ဟာ ပဋိသန္ဓေ နေရင် အို, နာ, သေပဲ၊ ဘယ့်နှယ်တုံး. . . (ချုပ်ပါတယ် ဘုရား)။

ကဲ. . . မကွာဘူးလား. . . (ကွာပါတယ်ဘုရား) ကျောင်းတော့ ဆောက်တာပဲ. . . (မှန်ပါ့) ကျောင်းတော့ ဆောက်တယ်၊ သူက ဝိဇ္ဇာနဲ့ ဆောက်တာကိုး၊ သဘောပါ ကြလား. . . (ပါ,ပါတယ်ဘုရား)။

ကျောင်းတော့ဆောက်တယ်. . . (ဝိဇ္ဇာနဲ့ ဆောက် ပါတယ်ဘုရား) ဝိဇ္ဇာနဲ့ဆောက်တဲ့အတွက် သူကတော့ နိဗ္ဗာန်ကိုမှန်းတယ်၊ သင်္ခါရမပါတဲ့အတွက် ဝိညာဏ်က မောင်နိုင် လာသေးသလား. . . (မလာပါဘုရား) ဝိညာဏ် ပဋိသန္ဓေ မနေတော့ ဇာတိဇရာ မရဏကကော. . . (မလာပါဘုရား)။

## သစ္စာသိပြီးဆောက်ပါ

မလာတော့ သူကတော့ သစ္စာသိပြီး ဆောက်တဲ့ အတွက် ဝိဇ္ဇာမဂ္ဂင်နဲ့ဆောက်တဲ့အတွက် ဒီမဂ္ဂင်က နိဗ္ဗာန်မှ တစ်ပါး တခြားကို မပို့တော့ဘူး. . . (မှန်ပါ့) ပို့သေးရဲ့လား (မပို့ပါဘုရား)။

ဒါဖြင့် ကျောင်းဆောက်တာချင်းတော့ အတူတူပဲ. . (မှန်ပါ့) ကိုစောမောင် ဘာထူးသွားသလဲ. . . (သွားတာ ထူးပါတယ်ဘုရား) အဝိဇ္ဇာအုပ်ချုပ်တာနဲ့ ဝိဇ္ဇာအုပ်ချုပ်တာ ကွာသွားတယ်. . . (မှန်ပါ့). . . ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

အဝိဇ္ဇာအုပ်ချုပ်တာနဲ့ ဝိဇ္ဇာအုပ်ချုပ်တာ ဦးဘရှင်း- သိပ်ခြားနားတယ်. . . (ခြားနားပါတယ်ဘုရား) မောင်နိုင် မခြားနားဘူးလား. . . (ခြားနားပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာဒကာမတွေ ဆွမ်းတစ်ဇွန်းနဲ့ ဟင်းတစ်ခွက်ပဲ လှူကြ လှူကြပေါ့ဗျာ၊ ကိုစောမောင်. . . ဝိဇ္ဇာတော့ အုပ်ချုပ်ရလိမ့်မယ်. . . (မှန်ပါ့)။ ဒုက္ခသိမ်းချင်လို့ လှူပါ၏. . . ဟုတ်လား၊ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ရောက်ချင်လို့ (လှူပါ၏) ဒုက္ခသစ္စာကြီး ရွံ့လွန်းမုန်းလွန်းလို့ လွတ်လိုလို့လှူပါ၏. . . ဆိုတော့ ဘာနဲ့လှူသတုံး. . . (ဝိဇ္ဇာနဲ့ လှူပါတယ်ဘုရား)။

ဒါဖြင့် အလှူကော မပါဘူးလား. . . (ပါ, ပါတယ် ဘုရား) သို့သော် သူ့ကျတော့ကို တဲ့ "အဝိဇ္ဇာ နိရောဓာ သင်္ခါရ နိရောဓော" သွားဖြစ်တယ်. . . (မှန်ပါ့) အဝိဇ္ဇာချုပ်လို့ . . . (သင်္ခါရ ချုပ်ပါတယ်ဘုရား) သင်္ခါရ ချုပ်သောကြောင့် နောက် ဝိညာဏ်လာသေးရဲ့လား. . . (မလာပါဘုရား)။

ကဲ. . . ဒကာဒကာမတွေ ကျောင်းဆောက်တော့ ကျောင်းတော့ အတူတူပဲ ရကြတာပဲ. . . (မှန်ပါ့) ကိုစောမောင် ဆောက်ပုံကွာသွားတယ်. . . (ကွာသွားပါတယ် ဘုရား) ကဲ. . . . ဒကာဒကာမတွေ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . နောက်ကျတော့ ခန္ဓာကိုယ်ထဲမှာ ဩော်. . ဒါ ဘာပါလိမ့်မတုံးဆိုတော့ အင်း. . . ကျောင်းဆောက်တယ်၊ လူပြည် နတ်ပြည်လိုချင်လို့ ဆောက်တယ်ဆိုတော့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်. . . (မှန်ပါ့) တစ်နည်း တဏှာကြောင့် ဥပါဒါန်ကော. . . (ဖြစ်ပါတယ်ဘုရား)။

နတ်ပြည်လိုချင်တဲ့ တဏှာစွဲလမ်းပြီးသကာလ မလုပ်ပေဘူးလား. . . (လုပ်ပါတယ်ဘုရား)။

စွဲလမ်းတာက ဥပါဒါန်-ဥပါဒါန်ကြောင့် တစ်ခါ စဉ်းစားလိုက်ဦးနော်. . . ကာယကံ၊ ဝစီကံနဲ့ လက်သမားတွေငှား ပြောဆို၊ ဒါကကံတွေကိုး - ကိုစောမောင်ရ . . . (မှန်ပါ့) ကာယကံ၊ ဝစီကံ မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်ဘုရား)။ ကမ္မဘဝဟုတ်လား (ဟုတ်ပါတယ်ဘုရား)။ ဒါဖြင့် သူက နတ်ပြည်လိုချင်တာက တဏှာ၊ နတ်ပြည် စွဲလမ်းတာက. . . (ဥပါဒါန်ပါဘုရား)။ နတ်ပြည်ရောက်မကြောင်းကို အခုအားထုတ်တာက (ကံပါဘုရား) ကဲ. . . ကမ္မဘဝပစ္စ

ယာ. . . စုတေသည်၏ အခြားမဲ့၌. . . (ဇာတိပါဘုရား)။

ဘာသစ္စာလာသတုံး. . . (ဒုက္ခသစ္စာလာပါတယ်ဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒီလိုဆိုတော့ မောင်နိုင်. . . ကိုယ့်ပဋိစ္စသမုပ္ပါဒ်က ကိုယ့်နှိပ်စက်တတ်တယ်. . . (မှန်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒကာဒကာမတို့ ဘယ်သူ့ ပဋိစ္စသမုပ္ပါဒ်က ဘယ်သူ့နှိပ်စက်တတ်သလဲ. . (ကိုယ့်ပဋိစ္စသမုပ္ပါဒ်က ကိုယ့်နှိပ်စက်တတ်ပါတယ်ဘုရား) ကိုယ့်ပဋိစ္စသမုပ္ပါဒ်က ကိုယ့်နှိပ်စက်တတ်တယ်ဆိုတာ ပေါ်ပလား. . . . (ပေါ်ပါပြီဘုရား)။

အဲဒါက ဆရာကောင်း သမားကောင်း ခေါင်းဆောင်ကောင်းကလည်း မတွေ့တော့ ကိုစောမောင် ဒီအတိုင်းသွားတယ် (သွားရမှာပါဘုရား) မသွားသေးဘူးလား. . . (သွားပါတယ်ဘုရား)။

ကဲ. . . သိတဲ့အခါကျတော့ကွာ. . . ဘာမှမလိုချင်ဘူး ဟော့. . . ဟောဒီဒုက္ခဝဋ်မှ ကျွတ်ချင်တာပဲလို့ဆိုတော့ ဝိဇ္ဇာနဲ့ မဆောက်ဘူးလား. . . (ဆောက်ပါတယ်ဘုရား)။

ဝိဇ္ဇာနဲ့ ဆောက်တဲ့အခါ ကျလို့ရှိရင် ဒကာဒကာမတို့ဝိဇ္ဇာက အဝိဇ္ဇာချုပ်လို့ သင်္ခါရ ချုပ်ပါတယ်. . . (မှန်ပါ့) သင်္ခါရချုပ်လို့. . . (ဝိညာဏ်ချုပ်ပါတယ်ဘုရား)။

ဝိညာဏ်ချုပ်တယ်ဆိုတော့ ကဲ. . . ကိုပေါ် မရှင်းသေးဘူးလား. . . (ရှင်းပါတယ်ဘုရား) ကျောင်းတော့ဆောက်တာပဲ (မှန်ပါ့) ကျောင်းတော့ ဆောက်တာပဲဆိုတာပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

## ရှေ့ဘာဖြစ်မှာတုံး

ကဲ. . . ဒါဖြင့် ဒီကရှေ့တော့ဖြင့် ဘယ်လိုများအကျိုးပေးမှာတုံး. . . ဒို့သည် ဘာများ ဖြစ်နေသတုံးဆိုတာကို ရှေ့ဘာဖြစ်မှာတုံးဆိုတာကို တစ်ခါတည်း ဒကာဒကာမတွေ နည်းပေးပါတယ် (မှန်ပါ့) ရှေ့ဘာဖြစ်မှာတုံးဆိုတဲ့ ဥစ္စာကို တွေးတော့ ရှေ့ကိုတော့ ဘုန်းကြီးတို့ အထူးမပြောလိုတော့ပါဘူး။ ရှေ့ကဟာက အကျိုးဖြစ်နေတယ်. . (မှန်ပါ့) အခုအကြောင်းကို စဉ်းစားလိုက်ရင် ရှင်းသွားမယ် . . . (မှန်ပါ့)။

အခုအကြောင်းမှာက လိုချင်လို့လုပ်တဲ့ တဏှာ, ဥပါဒါန်, ကံနဲ့ လုပ်ကြရင် ဇာတိ, ဇရာ, မရဏရမယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဝိဇ္ဇာဦးစီးပြီးလုပ်ကြပါ။

ဒုက္ခသစ္စာမို့ မလိုချင်တဲ့ဉာဏ်နဲ့ လာမယ်လို့ ဝိဇ္ဇာ

ဦးစီးပြီးသကာလ လုပ်ကြမယ် ဆိုလို့ရှိရင် ဒကာဒကာမတို့ သိတဲ့အတိုင်းပဲတဲ့၊ အဝိဇ္ဇာချုပ်လို့ တဏှာချုပ်တယ်. . . (မှန်ပါ့) တဏှာချုပ်လို့ ဥပါဒါန် (ချုပ်သွားပါတယ်ဘုရား) ဥပါဒါန်ချုပ်လို့. . . (ကံချုပ်သွားပါတယ်ဘုရား)။

ကံ. . . ချုပ်သောကြောင့် ဇာတိ, ဇရာ, မရဏလာ သေးရဲ့လား (မလာပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ဒါဖြင့်-တပည့်တော်သေရင် ဘာများဖြစ်မှာတုံး ဘုရားလို့ ကိုစောမောင်က မမေးနဲ့တော့ (မှန်ပါ့) ကိုယ့်ခန္ဓာ ထဲဖြစ်တဲ့ ဖြစ်စဉ်သာ အကဲခတ်လိုက်. . . (မှန်ပါ့) ပေါ်ကြ ပလား. . . (ပေါ်ပါပြီဘုရား)။ ဘာ အကဲခတ်ရမယ်. . . (ခန္ဓာထဲဖြစ်တဲ့ ဖြစ်စဉ် အကဲခတ်ရမှာပါဘုရား)။

## ကိုယ့်ဖြစ်စဉ်က ပြောတာသာယုံပါ

ဘယ်ဘုန်းကြီးက ဟောဟော၊ ဘာစာအုပ်က ရေးရေး၊ မယုံနဲ့၊ မင်း နတ်ဖြစ်လိမ့်မယ်, မင်း ဗြဟ္မာဖြစ်လိမ့် မယ်, မင်း နိဗ္ဗာန်ရလိမ့်မယ်ဆိုပေတဲ့ မယုံနဲ့တဲ့. . . ကိုယ့် ပဋိစ္စသမုပ္ပါဒ်ကို ယုံ (မှန်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါပြီ ဘုရား)။

ဘာယုံရမလဲ (ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကိုယ်ယုံရမှာပါ ဘုရား)။

နို့. . . ဟိုဘုန်းကြီးက ဘေးက ပြောနေတာက. . . (မှန်ပါ့)။

ဟိုစာအုပ်ကလေး ဘေးကရေးနေတာ. . . (မှန်ပါ့) အကဲခတ်ရေးနေတာ. . . (မှန်ပါ့)။

အကဲခတ်တာနဲ့ ကိုယ်တိုင်ဖြစ်တာနဲ့ ဘယ်ဟာ အမှန်ယူကြမလဲ. . . (ကိုယ်တိုင်ဖြစ်တာ အမှန်ယူရမှာပါ ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က စာက-ဒီလိုဆိုတယ်လို့ လုပ်မနေနဲ့. . . (မှန်ပါ့) ခန္ဓာက ဒီလိုတန်းနေတယ်ဆိုတာ သာ ယူပါ. . . (မှန်ပါဘုရား)။

ခန္ဓာက ဒီလိုတန်းနေရင် ဒီလိုဖြစ်မှာပဲ. . . (မှန်ပါ့) ခန္ဓာက ဒီလိုပြတ်သွားရင်. . . (ဒီလိုပြတ်သွားမှာပါဘုရား)။

ဒီလို နိဗ္ဗာန်ရမှာပဲဆိုတဲ့ဥစ္စာ ခင်ဗျားတို့ စာအုပ်ကို လည်း မယူနဲ့။ ဘယ်ဆရာတော်က ဟောသွားတယ်ဆိုတာ ကိုလည်း အတည်မပြုနဲ့ ကိုစောမောင်. . . (မှန်ပါ့)။

ကိုယ့်ခန္ဓာထဲမှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ်တန်းက ပြတ် အောင် လုပ်ပြန်တော့လည်း ပြတ်တဲ့ဆီရောက်တာပဲ (မှန်ပါ့) ဆက်အောင်လုပ်ပြန်တော့. . . (ဆက်တဲ့ဆီ ရောက်သွား ပါတယ်ဘုရား)။

နို့ သူများပြောတာ ယုံမလား၊ ကိုယ့်ဖြစ်စဉ်က
ပြောတာ ယုံကြမလား. . . (ကိုယ့်ဖြစ်စဉ်က ပြောတာ
ယုံရမှာပါ ဘုရား)။ ကိုင်း. . . အင်မတန် သဘောပါသွားပ
ပြီ (ပါသွားပါပြီဘုရား) အင်မတန် သဘောပါသွားပြီ ဒကာ
ဒကာမတို့ (မှန်ပါဘုရား)။

## ဘေးလွတ်မှာကိုအရင်လုပ်ပါ

အဲဒါကြောင့် ခုနင်ကပြောခဲ့တဲ့စကား ပြန်ကောက
ကြပါစို့နော်. . . ခုနင်က ပြောခဲ့တဲ့စကားက ကဲ ဗရမ်းပတာ
ကျမည့် အပါယ်လေးပါး ကျမည့်ဘေးကို ခင်ဗျားတို့က ရှိနေ
သေးတော့ကို ဒကာဒကာမတွေ သူ့ကို ဗရမ်းပတာ လွတ်တ
အလုပ်ကို အရင်လုပ်လိုက်. . . (မှန်ပါ့) ပြီးတော့မှ သားရေး
သမီးရေး, စီးပွားရေးကို. . . (လုပ်ရပါမယ် ဘုရား)။

လုပ်ပါဆိုတော့ မလုပ်နဲ့ဆိုတာလား၊ ရှေ့နောက
ခွဲလိုက်ဆိုတာလား. . . (ရှေ့နောက် ခွဲလိုက်ဆိုတာပ
ဘုရား) ရှေ့နောက် ခွဲလိုက်လို့ဆိုတာ နောက်က ဒကာ
ဒကာမတွေ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒါကလေးက ဘာတုံးလို့ မေးတဲ့အ
ကျတော့ ခုနင်က ကိုယ့်သန္တာန်ဖြစ်လာတဲ့ ဥပမာ. . . ကြ
တယ်၊ သားကလေးက အော်လိုက်လို့ ကြားတယ်၊ အင်း. . .

ကြားလို့ရှိရင် ဪ. . . ငါ့မှာ ကြားစိတ်ဖြစ်တယ်၊ ကြားလို့ တစ်ခါခင်ပြန်ပြီ။

တစ်နည်းအားဖြင့်လည်း ကြားတာနဲ့ပဲ ဟိုကအသံက ကျယ်ကျယ်နဲ့ လိမ့်များကျသလား၊ မှောက်လျက် ထိုးကလေး များ လဲနေသလား၊ ထိုင်လျက်များ လဲနေသလား၊ အစရှိသည် နဲ့ဆိုတော့ ကြားပြီး ဒေါသက မလာဘူးလား (လာပါတယ် ဘုရား) ဒေါသလာရင်သောကတွေပါ (လာပါတယ်ဘုရား) အင်း. . . ဒါဟာ ပဋိစ္စသမုပ္ပါဒ်က ကဲ. . . ကြားတယ်၊ ကြားပြီသကာလ ဒေါသ, သောက, ပရိဒေဝဖြစ်တယ်၊ မောင်နိုင်. . . (မှန်ပါ့) ဖြစ်ပြီးသကာလ ဒါသိလို့ဖြစ်တာ လား. . . သိလို့ဖြစ်တာလား (မသိလို့ဖြစ်တာပါဘုရား)။

## အဆုံးကပြန်လှည့်တယ်

မသိလို့ဖြစ်တော့ ဒေါသ, သောက, ပရိဒေဝထဲမှာ အဝိဇ္ဇာကပါနေတယ်. . . (ပါပါတယ်ဘုရား)။

ဒါဖြင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ပြန်မလှည့်ဘူးလား . . . (လှည့်ပါတယ်ဘုရား) "သင်္ခါရပစ္စယာ ဝိညာဏံ" ဆိုတော့ အဝိဇ္ဇာအုပ်ချုပ်တဲ့ ဝိညာဏ်ဆိုကတည်းက အပါယ် လေးပါးသော်လည်းကောင်း မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)။

အဝိဇ္ဇာကအုပ်ချုပ်တာ. . . (မှန်ပါ) အဆုံးက ပြန်ပတ်တာကိုး ကိုစောမောင်ရ. . . (မှန်ပါ) ရှင်းရဲ့လား. . (ရှင်းပါတယ်ဘုရား) သောကပရိဒေဝကနေပြီး အဝိဇ္ဇာ ပြန်ရောက်သွားတယ်. . . (မှန်ပါ့ဘုရား)။

သောက, ပရိဒေဝဆိုတာ သောက စိုးရိမ်တယ်ဆိုတဲ့ ဉစ္စာမသိလို့ စိုးရိမ်တာ. . . (မှန်ပါ့ဘုရား) ပရိဒေဝ ငိုကြွေး တယ် ဆိုတာကော. . . (မသိလို့ ငိုကြွေးတာပါဘုရား)။

ဒါဖြင့်လည်း အဲဒီသောက ပရိဒေဝထဲ ရောက်နေ မနေ (ရောက်နေပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာရောနေကတည်းက. . . အဝိဇ္ဇာပစ္စယာ (သင်္ခါရာပါဘုရား) သင်္ခါရာဆိုတော့ မောင်နိုင် အဆုံးက နေပြီး သကာလ ကိုစောမောင် အစပြန်မပတ်ဘူးလား (ပတ်ပါတယ်ဘုရား) ပြန်ပတ်တော့ သံသရာလည်မသွား ဘူးလား. . . (လည်သွားပါတယ်ဘုရား)။

အဲဒါ လည်သွားတဲ့အခါကျတော့ ဩော်. . . ဒါဟာ ငါသေရင် ဘာဖြစ်ဦးမှာတုံးလို့ သူများ မေးဦးမလား (မေးစရာမလိုတော့ပါဘုရား) နောက်က ဒကာဒကာမ တွေ. . . (မလိုတော့ပါဘုရား)။

**ပဋိစ္စသမုပ္ပါဒ်ကပြောတာ**

မမေးနဲ့တော့နော်. . . ဘယ်သူက ပြောသတုံး. . (ခန္ဓာကပြောပါတယ်ဘုရား)။

ဒီလိုမဆိုနဲ့၊ ပဋိစ္စသမုပ္ပါဒ်က ပြောတယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ခန္ဓာကတော့ ခန္ဓာပါပဲ ဟုတ်ပါတယ်၊ ဒါ ပဋိစ္စသမုပ္ပါဒ် တစ်ခုလုံးဟာ ခန္ဓာချည်းပဲ. . . (မှန်ပါ့) နော်. . . တဏှာလည်း ခန္ဓာပဲ ဟုတ်လား. . . (မှန်ပါ့) မြင်တဲ့၊ ကြားတဲ့ စိတ်ကလေးလည်း ဝိညာဏက္ခန္ဓာပါပဲ. . . (မှန်ပါ့)။

ကြားပြီးသကာလ ဒေါသဖြစ်တာကလေးဟာလည်း ခန္ဓာပဲ၊ သို့သော် ခန္ဓာသိပြီးသားထားတဲ့အတွက် ဘယ်သူက အပါယ်သွားသတုံး မေးလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်က သူ့ဟာသူ ပို့သွားတယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘယ်သူက ပို့သတုံး. . . (ပဋိစ္စသမုပ္ပါဒ်က သူ့ဟာသူ ပို့ပါတယ်ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်က သူ့ဟာသူပို့တော့ ဒကာ ဒကာမတွေက ဘုန်းကြီးက ပေးထားတယ်၊ ဒကာဒကာမတွေ ဒီလိုမနေနဲ့. . . (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်သိရင်ကို သောတာပန်နဲ့ ကပ်နေပြီ. . . (မှန်ပါ့)။

## သောတာပန်နှားကပ်နေပြီ

မောင်နိုင် ပဋိစ္စသမုပ္ပါဒ်တစ်ခုဖြစ်လို့ တစ်ခုချုပ်တာ သိနေရင် (သောတာပန်နဲ့ ကပ်နေပါတယ်ဘုရား) သောတာပန်နဲ့ ကပ်နေပြီ၊ ကိုယ့်စိတ်အစဉ်ကို ကိုယ်သိပြီကောဗျ. . . (မှန်ပါ့)။

အရင်ကတော့ ဒီလိုသိရဲ့လား (မသိပါဘုရား) မသိတော့ ဘာမှမသိတဲ့ အကန်းဖြစ်နေတယ်. . . (မှန်ပါ့)။

အခုတော့ ပဋိစ္စသမုပ္ပါဒ် ကြားတယ်ဆိုရင် ဩော် ကြားစိတ်ကလေး ပေါ်တာပဲ၊ ကြားလို့တစ်ခါ ကလေးလဲ တယ်ထင်ပါရဲ့ဆိုပြီး စိုးရိမ်တဲ့ ဒေါသတွေ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

ဒေါသလာရင် ကိုစောမောင် သောက, ပရိဒေဝတွေက (လာပါတယ်ဘုရား). . . အဝိဇ္ဇာက. . . (လာပါတယ်ဘုရား) အဝိဇ္ဇာပစ္စယာ. . . (သင်္ခါရာပါဘုရား) ဒါ. . . အကုန်မလာဘူးလား. . . (လာပါတယ်ဘုရား)။

အဲဒီလိုလာတော့ ဒီလိုသိထားတော့ ပဋိစ္စသမုပ္ပါဒ် ဒီလိုဖြစ်နေပါလားဆိုတဲ့ ဥစ္စာက သူများပြောလား. . . ကိုယ့်အထဲမှာ တစ်ခုပြီးတစ်ခု ဖြစ်နေတာလား. . . (ကိုယ့်အထဲမှာ တစ်ခုပြီးတစ်ခု ဖြစ်နေပါတယ်ဘုရား)။

စဉ်းစားပါ၊ အခုကြားစိတ်ပြီးတော့ တစ်ခါတည်း ဒေါသဖြစ်တဲ့စိတ်ကလေးလာတယ် (လာပါတယ်ဘုရား) ဒေါသစိတ်ကလေးလာပြီး သောကတွေ မလာဘူးလား. . . (လာပါတယ်ဘုရား) သောကလာပြီး ပရိဒေဝတွေ, ဒုက္ခတွေ, ဒေါမနဿတွေ (လာပါတယ်ဘုရား) ပြီးတော့ အဝိဇ္ဇာ ကော. . . (လာပါတယ်ဘုရား)။ လာတော့ ကိုယ့်ဖြစ်စဉ်ကို မသိဘူးလား (သိပါတယ်ဘုရား) အဲဒီ သိတာကလေးက ဝိဇ္ဇာ. . . (မှန်ပါ့)။

ကိုယ့်ဖြစ်စဉ် ကိုယ်သိတာက. . . (ဝိဇ္ဇာပါဘုရား) ဝိဇ္ဇာဖြစ်နေတော့ ဒါက အခုဆရာကောင်း သမားကောင်းနဲ့ တွေ့လို့ ဩော်. . . ကိုယ့်ဖြစ်စဉ်က ဒါကလေးတွေက တစ်ခုပြီးတစ်ခုဖြစ် တစ်ခုချုပ်ပြီး တစ်ခုဖြစ်နေကြတာဆိုတာ မသိဘူးလား (သိပါတယ်ဘုရား)။

## ပေါ်တာသိလို့ချုပ်တာသိရင် သောတာပန်အသိ

ဒီလို ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကိုယ်သိလို့ ဖြစ်ချုပ်တွေကို အင်း ကြားစိတ်ချုပ်သွားပြန်ပြီ၊ ဟော ဒေါသကလေးပေါ် သူလည်း ချုပ်သွားပြန်ပြီ၊ ပေါ်တာသိရင် ချုပ်တာသိတယ် . . . (မှန်ပါ့)။

ပေါ်တာသိရင် (ချုပ်တာသိပါတယ်ဘုရား)၊ အဲဒါ သောတာပန်သိတာ (မှန်ပါ့). . . ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

ကိုစောမောင် ပုထုဇဉ်ရိုးရိုးက. . . (မသိပါဘုရား) မသိနိုင်ဘူးဆိုတော့ ဩော်. . . ဒါကလေး ဒို့သိနေလိုက် လို့ရှိရင် ဒို့သန္တာန်ဖြစ်တဲ့ ဒို့ပဋိစ္စသမုပ္ပါဒ်အတန်းကလေးကို ဒို့က သိသိ သိသိပြီးသကာလ နေလိုက်တယ်ဆိုတော့ သိလုံး က နောက်လာမည့် ပဋိစ္စသမုပ္ပါဒ်ကိုဖြတ်. . . မဖြတ်. . . (ဖြတ်သွားပါတယ်ဘုရား)။

ဖြတ်တယ်ဆိုကတည်းက နောက်လာမည့် ပဋိစ္စ သမုပ္ပါဒ်ဖြတ်မှ ဗရမ်းပတာ မသွားမှာ . . . (မှန်ပါ့)။

ဖြတ်လိုက်တော့. . . (မသွားရပါဘုရား) ဒီ ပဋိစ္စ သမုပ္ပါဒ်ဆက်မှ ဟိုက ဗရမ်းပတာသွားတာ. . . (မှန်ပါ့) အခုတော့ ဗရမ်းပတာ သွားသေးသလား. . . (မသွားပါ ဘုရား) ဗရမ်းပတာကို ဖြတ်ချလိုက်တယ်. . . (မှန်ပါ့)။

ဗရမ်းပတာ ဖြစ်ကြောင်းတွေကို ဦးဘကလေး ဘာလုပ်လိုက်ပါလိမ့်. . . (ဖြတ်ချလိုက်ပါတယ်ဘုရား)။

ဖြတ်ချလိုက်တော့ ဒါ ဘယ်သူမို့ ဖြတ်နိုင်တာတုံး လို့ မေးတော့ ပဋိစ္စသမုပ္ပါဒ်သိတဲ့ ပုဂ္ဂိုလ်မို့ ဖြတ်နိုင်တာ. . . (မှန်ပါ့) မသိတဲ့ပုဂ္ဂိုလ်က. . . (မဖြတ်နိုင်ပါဘုရား)။

ကျုပ်လည်း သားသမီးတွေဖြစ်ပြီဗျာ၊ အင်း. . . သားသမီးသာ သူဖြစ်တာပြောနေတာ သူ့ပဋိစ္စသမုပ္ပါဒ် ဖြစ်တာမှ သူမသိဘဲ. . . (မှန်ပါ့)။

## ရမ်းပြီးသာခုခေါ် ဦးမယ်

ကျုပ်တော့ဖြင့် အရောင်းအဝယ်ကလေး ဖြစ်ပြီဗျာ၊ အင်းတချို့လူကြီးတွေက ဦးဘရှင်းတို့က ရမ်းပြီးသာခု ခေါ်ချင် ခေါ်လိမ့်ဦးမယ်. . . (မှန်ပါ့)။

သူ့ဟာသူ အရောင်းအဝယ်ဖြစ်တယ် သူ့ပဋိစ္စသမုပ္ပါဒ်သူဖြစ်တယ်လို့ ပြောရဲ့လား. . . (မပြောပါဘုရား)။

ကျောက်တွေ့တောင် မဝယ်တာ ပြောနေတာ၊ ကိုစောမောင် သူ့ပဋိစ္စသမုပ္ပါဒ် သူဖြစ်တာ ဟုတ်ကဲ့လား. . (မဟုတ်ပါဘုရား)။

ဒါဖြင့် သူ့ပဋိစ္စသမုပ္ပါဒ် သူဖြစ်တာ မဟုတ်တဲ့ အတွက် ဖြစ်မှု, ပျက်မှု, မြင်သေးရဲ့လား. . . (မမြင်ပါဘုရား) အဲ. . . မမြင်လို့ရှိရင် သူဟာ ဝိဇ္ဇာလား၊ အဝိဇ္ဇာလား (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာပဲဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က အဲဒီလို အဖြစ်မျိုးကို မယူဘဲနဲ့ ကိုယ့်စိတ်စဉ် ကိုယ်ဖြစ်ဖြစ်ပြီး ကြည့်ရမယ်. . . (မှန်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ကိုယ့်စိတ်အစဉ်ကို. . . (ကိုယ်ဖြတ်ဖြတ်ပြီး ကြည့်ရပါမယ်ဘုရား). . . ကိုယ့်စိတ်အစဉ်ကို ဖြတ်ဖြတ်ပြီး ကြည့်ပေးစမ်းပါ ဒကာဒကာမတို့. . . (မှန်ပါ့)။

ကိုယ့်စိတ်စဉ်ကို (ကိုယ်ဖြတ်ဖြတ်ပြီး ကြည့်ရပါမယ်ဘုရား)။

ကိုယ့်စိတ်စဉ်ကို ကိုယ့်ဉာဏ်နဲ့သာ ကြည့်လိုက်တော့ ဉာဏ်အဝန်းကနေ တက်ပြီးသား. . . (မှန်ပါ့)။

ကိုယ့်စိတ်စဉ်ကို ကိုယ့်ဉာဏ်နဲ့ကြည့်လိုက်ရင်. . . (ဖြတ်ဖြတ်ပြီး ကြည့်ရပါမယ်ဘုရား) ကိုယ့်စိတ်အစဉ်ကို ကိုယ့်ဉာဏ်နဲ့သာ ကြည့်လိုက်တော့ ဉာဏ်ဝင်လာရင် ပြတ်ပြီးသား . . . (မှန်ပါ့)။

ကိုယ့်စိတ်အစဉ်ကို ကိုယ့်ဉာဏ်နဲ့ကြည့်လိုက်ရင်. . . (ပြတ်ပြီးသားပါဘုရား)။

ပြတ်ပြီးသားဆိုတော့ အဲဒါဟာ တဲ့ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်သိလို့ရှိရင် ဒကာဒကာမတို့ ဖြစ်ပျက်သိတာပဲ (မှန်ပါ့) ဟိုဘက် ဒုက္ခဆုံးတာကော. . . (သိပါတယ်ဘုရား)။

ဟိုဘက် ဒီ ကိုယ့်ဖြစ်စဉ်ကို ကိုယ်သိတယ်ဆိုတဲ့ ဝိဇ္ဇာဉာဏ်နဲ့ သိတာပဲ. . . (မှန်ပါ့)။

ဝိဇ္ဇာဉာဏ်နဲ့ သိလိုက်တော့ ဝိဇ္ဇာဉာဏ်က ကြားဝင်လိုက်တော့ ပဋိစ္စသမုပ္ပါဒ် သူ-တန်းချင်သလောက်တန်းလို့ (မရပါဘုရား)။

မရတော့ ဟိုဘက်မှတန်းလို့ရှိရင် ဗရမ်းပတာ ဘောသင့်တော့မယ်. . . (မှန်ပါ့) အဲဒီ ဗရမ်းပတာဘောကို ခင်ဗျားတို့ သိလုံးက တားလိုက်တယ်. . . (မှန်ပါ့)။

ဒကာဒကာမတို့ ရိပ်မိပလား. . . (ရိပ်မိပါပြီ) ဘယ်သူက တားလိုက်သလဲ. . . (သိလုံးက တားပါတယ် ဘုရား) သိလုံးဟာက ဝိဇ္ဇာပဲ. . (မှန်ပါ့)။

## အရိယာပုဂ္ဂိုလ်မှ သိနိုင်တယ်

ဝိဇ္ဇာက တားလိုက်တော့ကို . . . ဒါ ပုထုဇဉ် သာမန်မသိဘူးကွ-တဲ့. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါ ပြီ) အရိယာဖြစ်တဲ့ပုဂ္ဂိုလ်မှ သိနိုင်တယ်ဆိုတော့ ဒါကလေး သိ-သိရင်းမတ္တနဲ့ ခင်ဗျားတို့ အရိယာဖြစ်သွားမယ်. . . (မှန်ပါ့) ကိုစောမောင် ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အခု တစ်ခုပေါ်တယ်ဆိုရင် အခုနောက်ကနေပြီး သိလိုက်ပြန်ပြီဗျာ. . . (မှန်ပါ့)။

အခု တစ်ခုပေါ်လာတယ်ဆိုရင် (နောက်ကနေပြီး သိပါတယ်ဘုရား) နောက်ကနေပြီး သိလိုက်ပြန်တယ် ဆိုတော့ သိသိ သိသိပြီး သကာလ နေတဲ့ သဘောကလေး ဟာက ကိုယ့်ဖြစ်စဉ် ကိုယ်ဖြတ်တဲ့သဘော. . . (မှန်ပါ့) ကိုယ် မသိဘဲ နေလို့ရှိရင် ထုံးစံအတိုင်း တန်းတာပဲ (မှန်ပါ့)။

မသိဘဲနေရင် . . . (ထုံးစံအတိုင်း တန်းပါတယ်ဘုရား)။

ထုံးစံအတိုင်း တန်းသွားတော့ ဟို - ဇာတိ, ဇရာ, မရဏဆိုရင် အပါယ်ဇာတိ၊ အပါယ်ဇရာ၊ အပါယ်မရဏတွေဆိုတော့ အပါယ်လေးပါးတွေက မောင်နိုင် လာမှာလား မလာဘူးလား (လာပါတယ်ဘုရား)။

အဲဒါတွေက ဘယ့်နှယ်ကြောင့် လာသလဲ၊ အတန်းခံလို့လာတာ . . . (မှန်ပါ့)။

နောက်က ဒကာဒကာမတွေ ဘာတဲ့ . . . (အတန်းခံလို့ လာပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ကလည်း မတန်းပါနဲ့ဆိုလို့ရရဲ့လား . . . (မရပါဘုရား)။

ဆရာကောင်း, သမားကောင်းဆီက နည်းမရလို့ ရှိရင်ဖြင့် ခုနင်က မြင်လို့မြင်တဲ့ သဘောကလေးကို ဩော် . . . မြင်တဲ့စိတ်ကလေးလည်း ပေါ်လည်းပေါ်တာပဲ၊ ပျက်လည်းပျက်သွားတာပဲဆိုတဲ့ ဝိဇ္ဇာကလေးက ကြားမထိုးနိုင်ဘူး . . . (မှန်ပါ့) ကြားမထိုးနိုင်တော့ ပဋိစ္စသမုပ္ပါဒ်က ဘယ့်နှယ် ဖြစ်သွားသလဲ . . . (တန်းသွားပါတယ်ဘုရား) တန်းသွားတော့ကို ဗရမ်းပတာဘေးသင့် မသင့် . . . (သင့်ပါတယ်ဘုရား)

## ကိုယ့်ပဋိစ္စသမုပ္ပါဒ်သိရင်ဘေးလွတ်တယ်

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကို ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်သိတဲ့ပုဂ္ဂိုလ်ဟာ ဗရမ်းပတာဘေးလွတ်တယ်လို့ ဘုရားက ဟောတယ်. . . (မှန်ပါ့)။

ဒါဖြင့် သောတာပန်တဲ့၊ ဗရမ်းပတာဘေး လွတ်သွားရင် သောတာပန်ကွ. . . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဗရမ်းပတာဘေးလွတ်သွားရင် (သောတာပန်ပါဘုရား)။

**"အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနော . . ."** သောတာပန်က ဗရမ်းပတာဘေး မရှိဘူးတဲ့၊ အထက်မဂ်သို့လည်း မြဲသွားပြီတဲ့နော်. . . (မှန်ပါ့)။

သမ္ဗောဓိပရာယနော-အထက်မဂ်သို့သာ သူသွားတော့တယ်ဆိုတော့ ကိုစောမောင် ဗရမ်းပတာ ဘေးလွတ်တယ်လို့ ပြောတာ. . . (မှန်ပါ့)။

အဲဒီတော့ တပည့်တော် ရှေ့ထားရမည့် အလုပ်က ကိုယ့်ဖြစ်စဉ်ကလေးကိုယ် သိ-သိနေဖို့ အလုပ်ဟာ ရှေ့ထားရမည့်အလုပ်. . . (မှန်ပါ့) ပေါ်ပြီ ဒကာဒကာမတို့. . . (ပေါ်ပါပြီဘုရား)။

ကိုယ့်ဖြစ်စဉ်ကလေးကို သိ-သိနေတဲ့ အလုပ်ဟာ. . (ရှေ့ထားရမည့် အလုပ်ပါဘုရား)။

သိတာသည် ဝိဇ္ဇာလား အဝိဇ္ဇာလား. . . (ဝိဇ္ဇာပါဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် သူ ထုံးစံအတိုင်း တန်းနိုင်သေးရဲ့လား (မတန်းနိုင်ပါဘုရား)။

ဘယ့်နှယ်ကြောင့်တုံး. . . ကိုစောမောင်. . . (သိ-သိနေလို့ပါဘုရား) သိ-သိနေတယ်. . . (မှန်ပါ့) စိတ်ကလေးပေါ်လာလိုက် သိလိုက်. . . (မှန်ပါ့) ယုတ်စွအဆုံး လောဘကလေး ပေါ်လာတာတောင်. . . (သိရပါမယ်ဘုရား)။

သိလိုက်တဲ့အခါကျတော့ အဖြစ်သိတာလား အပျက်သိတာလားလို့ မေးဖို့ မလိုဘူး. . . (မှန်ပါ့) ဘာပြုလို့တုံးဆိုတော့ သိတဲ့ ဝိဇ္ဇာဉာဏ်, ဝိဇ္ဇာစိတ်လာကတည်းကိုက ခုနင်က သတ္တဝါတစ်ယောက်မှာ တစ်စိတ်နဲ့ အသက်ရှင်နေတာဆိုတော့ စိတ်သည် အရင်ဟာက ပျက်ပြီးသား ဖြစ်နေတယ်. . . (မှန်ပါ့)။

ဒါဖြင့် အဖြစ်သိရင် (အပျက်သိပါတယ်ဘုရား) အပျက်သိပြီးသား ဖြစ်နေတော့ ဝိဇ္ဇာရှိရင် သောတာပန်ကိုးဗျ (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဝိဇ္ဇာရှိရင်. . . (သောတာပန်ပါဘုရား) အဲဒီတော့ သူဘယ်သူ့ဟာ သိတာတုံးမေးတော့ ဘယ့်နှယ်ဖြေပ့ါမလဲ. . (ဖြစ်ပျက်သိပါတယ်ဘုရား) မိမိပဋိစ္စသမုပ္ပါဒ် မိမိသိတယ်. . (မှန်ပ့ါ)။

## ငါသေရင် အပါယ်မသွားဘူး

မိမိသိတော့ ဒီ သိလုံးသည် ဗရမ်းပတာဘေးကို ဖြတ်ပစ်တယ် (မှန်ပ့ါ) ဟိုဘက် တဏှာ, ဥပါဒါန် ကံ, ဇာတိ, ဇရာ, မရဏ ပေးသေးရဲ့လား. . . (မပေးပါဘုရား)။

ဒါဖြင့် ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက် ချပါလား ငါသေရင် အပါယ် မသွားဘူးကွ၊ ငါ ဖြတ်ထားတယ်. . . (မှန်ပ့ါ)။

ဘယ်သူ့ မေးရဦးမလဲ (ကိုယ့်ဟာကိုယ် မေးရပါမယ် ဘုရား) ကိုယ့်ဟာကိုယ်မေးကွ ရှင်းကြပလား. . . (ရှင်းပါပြီ)

ဒကာဒကာမတွေ ဒီနေ့ ဝတ္ထုသက်သေမပါဘဲနဲ့ ခင်ဗျားတို့ကို ဟောနေတယ်လို့မှတ်ပါ. . . (မှန်ပ့ါ) လိုရင်းကို ပြောနေတယ်. . . (မှန်ပ့ါ) ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် တပည့်တော်တို့ ရှေ့ထားရမည့်အလုပ် (သိပြီ ဘုရား) ကိုယ့်စိတ်ကိုယ် သိနေဖို့ပါကလား. . . (မှန်ပ့ါ) ဝေဒနာဖြစ် ကိုယ့်ဝေဒနာ ကိုယ်သိနေဖို့ပါကလား. . . (မှန်ပ့ါ)။

ဒါဖြင့် သိတယ်ဆိုလို့ရှိရင် အဝိဇ္ဇာလား၊ ဝိဇ္ဇာလား . . . (ဝိဇ္ဇာပါဘုရား)။

ဝိဇ္ဇာသည် တန်းနေကျ ပဋိစ္စသမုပ္ပါဒ်ကို ဘာလုပ်ပါလိမ့်. . . (ဖြတ်ပစ်ပါတယ်ဘုရား)။

ဒါဖြင့် တန်းရင်သာ ဗရမ်းပတာ ဘေးသင့်တာ (မှန်ပါ့) မတန်းရင်. . . (မသင့်ပါဘုရား)။

ဒါဖြင့် ငါသေ-အပါယ်သွားမှာလား - မသွားဘူးလားဆိုတာက ဒကာဒကာမတွေ သံသယ-ကုက္ကုစ္စ ဖြစ်နေတဲ့ ပုဂ္ဂိုလ်က ဘယ်လို ပုဂ္ဂိုလ်တုံး. . . လို့ မေးတဲ့အခါကျတော့ မဖြတ်တတ်တဲ့ ပုဂ္ဂိုလ်က ပြောနေတာ. . . (မှန်ပါ့) မသိတဲ့ ပုဂ္ဂိုလ်က. . . (ပြောနေတာပါဘုရား)။

ကိုယ့်စိတ်ကိုမသိတဲ့ ပုဂ္ဂိုလ်က ပြောနေတာဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါပြီ) ဒါဖြင့် ခင်ဗျားတို့ အလကား မနေကြပါနဲ့၊ စိတ္တာနုပဿနာရှုရင်လည်း စိတ်ပေါ်တိုင်း သိနေပါ (မှန်ပါ့) ဝေဒနာ နုပဿနာရှုလည်း ဝေဒနာပေါ် တိုင်း (သိရပါ မယ်ဘုရား)၊ သိနေလိုက်တဲ့ အခါကျလို့ရှိရင် "ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်" လာသေးရဲ့လား (မလာပါ ဘုရား) "ဝေဒနာ ပစ္စယာ ပညာဝိဇ္ဇာ" မလာဘူးလား. . . (လာပါတယ်ဘုရား)။

အဲဒီလိုလာတော့ ဟိုဘက်ဗရမ်းပတာဘေးတွေ ဘယ့်နှယ်ဖြစ်ကုန်သလဲ. . . (ပြတ်ကုန်ပါတယ်ဘုရား) ပြတ်သွားတယ်. . . (မှန်ပါ့ဘုရား)။

## ကိုယ်တိုင်ဖြတ်လို့ လွတ်သွားတာ

ပြတ်သွားတာပေါ့ ကိုစောမောင်. . . သင့်စရာ. . . (မရှိတော့ပါဘုရား)။

ဒါသူများ မေးရတာလားတဲ့ ကိုယ့်ကိုယ်တိုင်ဖြတ်လိုက်လို့ လွတ်သွားတာလား. . . (ကိုယ့် ကိုယ်တိုင် ဖြတ်လိုက် လို့လွတ်သွားတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့က အင်း. . . သက်ကြီးအိုမတွေ မေးဦးမှပဲ ကျုပ်တော့ဖြင့် ကျုပ်သေရင် ဘယ်များသွားမတုံး၊ သူများသွားမေးနေရင် မှားလိမ့်မယ်ကွာ. . . (မှန်ပါ့)။

ဒကာဒကာမတွေ ဘာတဲ့. . . (သူများ သွားမေးနေရင် မှားလိမ့်မယ်ဘုရား) မှားမယ်၊ နို့ သူများ သဘောနဲ့မှ သွားတာမဟုတ်ဘဲ၊ ကိုယ့်ခန္ဓာ ပဋိစ္စသမုပ္ပါဒ်က ကိုယ့်ပို့တာ ကိုး (မှန်ပါ့) အဲဒါ သူများသွားမေးနေတော့ ဘယ့်နှယ်ဆိုမလဲ (မှားပါတယ်ဘုရား)။

ဒါဖြင့် မသွားချင်ပါဘုရား၊ တပည့်တော်ဖြင့် သောတာပန်အဖြစ်နဲ့ပဲ အပါယ်လေးပါးလွတ်ချင်ပါတယ်

ဆိုတော့ အင်း ကိုယ့်စိတ်ပေါ်တိုင်းပေါ်တိုင်း၊ ဝေဒနာ ပေါ်တိုင်းပေါ်တိုင်း သိပေးလိုက်တာပေါ့. . . (မှန်ပါ့) သိတော့ အသိရင့်ကျက်လာလို့ ရှိရင်ဖြင့် ဒါ သောတာပန် တည်သွားတာပဲ. . . (မှန်ပါ့) သောတာပန်တည်ဆိုတာ သည် အသိရင့်ကျက်လာတာကိုဆိုတာ. . . (မှန်ပါ့) တကယ်သဘောကျကြပလား (ကျပါတယ်ဘုရား)။

## အသိစင်ကြယ်သွားလို့ရှိရင် သောတာပန်တည်တယ်

ဒါဖြင့် ယနေ့ တရားမှာ ဘာဟောပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဒီသိလုံးကို ရှေ့ထားပြီးသိလို့ အသိ စင်ကြယ်သွားလို့ရှိရင် သောတာပန်တည်ပါတယ်. . . (မှန်ပါ့)။

ကိုစောမောင် အသိစင်ကြယ်သွားရင် (သောတာပန် တည်ပါတယ်ဘုရား)။

အသိစင်ကြယ်သွားတယ်ဆိုတော့ ဖြစ်တိုင်းဖြစ်တိုင်း စိတ်ကလေးတွေပေါ်တိုင်းပေါ်တိုင်း ကိုယ်ကသိ-သိပြီး ပျက်တာကလေးတွေ ပျက်တာကလေးတွေ သိသိ သိသိနေ တော့ ကြာတော့ ဒီစိတ်တွေ မလာဘဲနဲ့ ကိုစောမောင် နိဗ္ဗာန် ပေါ်လာမှာပဲ. . . (မှန်ပါ့) အသိစင်ကြယ်သွားပြီ. . (မှန်ပါ့)

အရင်တော့ ဖြစ်ပျက်ဒုက္ခကို သူ-လှည့်နေတယ် (မှန်ပါ့) နောက်ကျတော့ လှည့်သေးရဲ့လား (မလှည့်ပါဘုရား) ဖြစ်ပျက်မရှိတဲ့ဘက် သူလှည့်သွားတယ်. . . (လှည့်သွားပါတယ်ဘုရား) လှည့်သွားတော့ သောတာပန်တည်ပစ်လိုက်တယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ)။

**အသိကမကုန်သေးတော့ဆုံးအောင်လိုက်**

သောတာပန်တည်တာသည် နှစ်မျိုးတည်းရှိတယ်၊ ပထမဖြစ်ပျက်ဘက်လှည့်နိုင်အောင် ပဋိစ္စသမုပ္ပါဒ်ကို ခင်ဗျားတို့က အင်း. . . အခုကြားစိတ်ကလေး ပျက်သွားပြီလို့ နောက်ကသိလိုက်တော့ ဟို ဗရမ်းပတာဘောက စောစောကြီးက လွတ်နေပြီ (မှန်ပါ့) သို့သော်လည်း အသိကမကုန်သေးတော့ အသိဆုံးအောင် လိုက်ရမယ်. . . (မှန်ပါ့)။

ဖြစ်ပျက်ဆုံးအောင်. . . (လိုက်ရပါမယ်ဘုရား) လိုက်လိုက်တဲ့အခါကျတော့ ဖြစ်ပျက်ဆုံးသွားပြီဘုရား. . . တပည့်တော်ဖြင့် ဆုံးသွားအောင်လိုက် လိုက်တဲ့အခါကျတော့ ဆုံးတာပေါ့ဗျာ. . . ဆုံးတော့ နိဗ္ဗာန်မတွေ့ဘူးလား. . . (တွေ့ပါတယ်ဘုရား) ဆုံးရာဟာ နိဗ္ဗာန်ပဲ၊ ဝင်းဝင်းလား၊ ဝါဝါလား၊ မြို့လား. . . လို့ အောက်မေ့မနေနဲ့. . . . (မှန်ပါ့)။

ဆုံးသွားတာ ဘာခေါ်ကြမယ်. . . . (နိဗ္ဗာန်ပါ ဘုရား)။

အဲဒီနိဗ္ဗာန်လည်း ခုနင်က ဖြတ်တဲ့တရားကပဲ သိတဲ့ တရားကပဲ မြင်လိုက်တာ. . . . (မှန်ပါ့)။

## ဗရမ်းပတာဘေးလုံးလုံးလွတ်ပြီ

အဲဒီမြင်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ခင်ဗျားတို့ ဗရမ်းပတာဘေး လုံးလုံးလွတ်ပြီ. . . (မှန်ပါ့)။

ဖြစ်ပျက်ရှုနေတုန်းကလည်း လွတ်နေပြီ. . . (မှန်ပါ့) သို့သော်. . . အမြစ်မပြတ်ဘူး ဖြစ်ပျက်အဆုံး မြင်လိုက် သည်နဲ့ တစ်ပြိုင်နက်တည်း မောင်နိုင်. . . (အမြစ်ပြတ် သွားပါတယ်ဘုရား) ဗရမ်းပတာဘေး ဘယ့်နှယ်နေ သလဲ. . . (လွတ်သွားပါတယ်ဘုရား)။

ကဲ. . . ဒါဖြင့် ဗရမ်းပတာဘေးသင့်အောင်လည်း ကိုယ့်သန္တာန်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်တန်းကပဲ. . . (မှန်ပါ့) ဗရမ်းပတာဘေး လွတ်အောင်လည်း ကိုယ့်သန္တာန်မှာဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ကိုယ့်ဉာဏ်နဲ့ အသိလိုက်တာပဲဆိုတော့ အင်မတန် ရှင်းသွားပြီ. . . (ရှင်းပါပြီ) သဘောကျပလား. . (ကျပါပြီဘုရား)။

အဲဒါ ဘုန်းကြီးက ဒီတရားကို ဟောရတာက ဒကာ ဒကာမတွေ ဒီအသိကလေးက ရှေ့ထားပြီးတော့မှ ခင်ဗျားတို့ သားရေး၊ သမီးရေး၊ စီးပွားရေး လုပ်လိုက်တော့ ဒါကို သိဖို့ ရာလည်း ကိုစောမောင် အခုဆရာနည်းပေးထားတော့ သိပြီ . . . (မှန်ပါ့)။

ဥပမာ ပြောလိုက်ပါတယ် ဒကာဒကာမတို့ ဟိုက နေပြီး သကာလ ရေနံမီးမွှေးနေတယ်ဆိုပါတော့၊ နှာခေါင်းထဲ နံတယ်ဆိုတော့ နံစိတ်ပေါ်လာပြီ၊ နံစိတ်ပေါ်တယ်လို့ ခင်ဗျား တို့က အင်း နံစိတ်ကလေးဟာလည်း နှာခေါင်းထဲပေါ်ပြီလို့ ဟုတ်လား သိပေးလိုက်တာပေါ့. . . (မှန်ပါ့) သိပေးလိုက် တော့ အဖြစ်တင်သိတာလား ကိုစောမောင် အပျက်ပါလား (အပျက်ပါသိတာပါဘုရား) ဘာဖြစ်လို့တုံး၊ နှစ်စိတ်မှ မပြိုင် ကောင်းပဲ (မှန်ပါ့) အဲဒီတော့ ပျက်ပြီးမှ ဟိုက အသိပေါ် တာ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီတော့ နံလိုက်တာ၊ ဘယ်သူ ဘယ်ဝါ့ သားသမီး က လူမမာရှိမှန်းမသိဘဲနဲ့ လုပ်နေတာဆိုတာ လာသေးရဲ့ လား. . . (မလာပါဘုရား) ဒါဖြင့် ပြတ်သွားပြီ. . . (မှန်ပါ့)။

နို့မဟုတ်ရင် နှာခေါင်ပေါက်ကနေပြီး သူ-ဒေါသတွေ သောကတွေနဲ့ မတန်းပေဘူးလား (တန်းပါတယ်ဘုရား)။

## ငါသေရင် အပါယ်သွားဦးမှာလား

အဲဒီတော့ ငါသေရင် အပါယ်သွားဦးမှာလားဆိုတဲ့ ဥစ္စာတန်းရင် သွားမယ် (သွားပါမယ်ဘုရား) ပြတ်ရင် (မသွားပါဘုရား)။

အဲဒီတော့ ကဲ ကိုပေါ် ဘယ့်သူ့မေးမတုံး (ကိုယ့်ကိုယ်ကို မေးရပါမယ်ဘုရား) ကိုယ့်ကိုယ်ကို ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ပြတ်မပြတ်မေး (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒါ ဆရာဘုန်းကြီးက ဒါကို အကြီးအကျယ်သင်နေတယ်ဆိုတာ ဒကာဒကာမတွေက မှတ်စမ်းပါ. . . (မှန်ပါ့)။

နို့မဟုတ်ရင် ခင်ဗျားတို့က ကျုပ်ကတော့ နားမလည်လို့ ပြောစမ်းပါဗျာ၊ ကျုပ်ဟာ ကောင်းရာသွားမှာလား၊ ကျုပ်ဟာ စိတ်ကောင်းကောင်းတော့ ထားပါတယ်၊ ကျုပ်သေလို့ရှိရင် စိတ်မှချရပ့ါမလား၊ ကိုစောမောင်က ခေါင်းဖြူစွယ်ကျိုးတွေကို ရှေ့ကျကျနဲ့ စာအုပ်ကလေး ကိုင်နေတဲ့လူကို မေးချင်မေးလိမ့်မယ်. . . (မှန်ပါ့) မေးရင် လွဲလိမ့်မယ်. . . (မှန်ပါ့)။

ဦးဘရှင်း မေးရင် (လွဲပါတယ်ဘုရား) သူက ခင်ဗျားတို့ စိတ်စဉ်တန်းတာကို သူသိ မသိ. . . (မသိပါဘုရား)။

နို့ မသိတဲ့လူ သွားမေးတာကိုး (မှန်ပါ့) မသိတဲ့လူ သွားမေးတော့ ရမ်းပြောလိုက်မှာပဲ၊ ရမ်းပြောပြီးသကာလ မောင်နိုင်က ထိတ်ချင်ထိတ်၊ လန့်ချင်လန့်ဆိုတော့ ဘယ့်နှယ် တုံးကွ အလကား ထိတ်ပြီး အလကားလန့်တာ. . . (မှန်ပါ့)။

တစ်ခါ ဝမ်းမြောက်ပြန်ပြီတဲ့ မင်းတော့ ကိစ္စမရှိပါ ဘူးကွာလို့ ဟိုက ရမ်းပြောလိုက်ပြန်ပြီ၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ်က တန်းနေတယ် ကိုစောမောင်. . . (မှန်ပါ့)။ သူပြောတာနဲ့ ခင်ဗျားတို့က ဝမ်းမြောက်နေချင်လို့ရှိရင် ဝမ်းမြောက်မှား (မှားပါတယ်ဘုရား)။ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ် ဘုရား)။

ဒါဖြင့် ကိုယ့်ကိုယ်ကိုမေး. . . (မှန်ပါ့) ပေါ်ကြ ပလား. . . (ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်တုံး. . . (ကိုယ့်ကိုယ်ကို မေးရမှာပါ ဘုရား)။

အဲဒါ ဘယ်မှာ ဝတ္ထုလာသတုံးလို့ မေးတဲ့အခါ ကျတော့မှ သောတာပတ္တိမဂ္ဂသံယုတ်မှာလာတယ် (မှန်ပါ့) ကိုစောမောင် သေသေချာချာမှတ် (မှန်ပါ့)။

## အုတ်တိုက်တွေပေါတဲ့ရွာ

သောတာပတ္တိမဂ္ဂသံယုတ်မှာ ဘယ်လိုလာသတုံး ဆိုတော့ ဘုရားက အုတ်တိုက်တွေပေါတဲ့ ရွာတစ်ရွာမှာ ဒေသ စာရီလှည့်သွားတယ် (မှန်ပါ့) တစ်ခါတည်း ဘုရားဖို့ လည်း ဟိုက အုတ်တိုက်ပဲ တည်ထားတယ်. . . (မှန်ပါ့)။

အဲဒီပဲ သွားပြီးနေလိုက်တော့ ဘုရားက သုံးနှစ်မှ တစ်ကြိမ် လေးနှစ်မှတစ်ကြိမ်ဆိုသလို ဒီနယ်ရောက်တော့ ဟိုမှာ သေနှင့်တာတွေက မနည်းဘူး. . . (မှန်ပါ့)။

ဒီအရင်ကလည်း ဘုရား ရောက်ပြီးပြီ၊ သို့သော် ဟိုလှည့် ဒီလှည့် လှည့်နေရတာနဲ့ မောင်နိုင် ရောက်နိုင်ပါ့ မလား. . . (မရောက်နိုင်ပါဘုရား)။

မရောက်နိုင်ဘူး၊ ဟိုလှည့်ချတ်ရ၊ ဒီလှည့်ချတ်ရနဲ့ ဆိုတော့ ဘုရားဟာ ပျာပျာသလဲ လုပ်နေရတာပဲ၊ အသက် တမ်းတိုတော်မူတဲ့ ဘုရားကိုး. . . (မှန်ပါ့)။

ဒါနဲ့. . . ရှင်အာနန္ဒာလည်း ပါသွားတော့ အဲဒီ အုတ်တိုက်တွေပေါတဲ့ ရွာက လျှောက်ကြတာပေါ့ ဟော ဘယ်သူဖြင့် သေပြီဘုရား. . . ဆိုပြီး ရှင်အာနန္ဒာကို ဝိုင်း လျှောက်ကြတယ်၊ အရှင်ဘုရားတို့. . . အရင်တစ်ပတ် လာတုန်းက တွေ့ရတယ်ဘုရား. . အခုတော့ သေတာတွေ ဘယ်သူဘယ်သူဘုရားဆိုပြီး နာမည်တွေနဲ့ပေါ့ဗျာ. . . (မှန်ပါ့)။

ဒါနဲ့ ရှင်အာနန္ဒာကလည်း သူက သေစာရင်းယူပြီး ဘုရားဆီ သွားပြန်တယ်. . . (မှန်ပါ့) ဘုရားဆီသွားတော့ အရှင်ဘုရားဘယ်သူဖြင့် သေပြီတဲ့ဘုရား. . .၊ သူဘယ်များ လားပါလိမ့်. . .၊ ဘယ်ဂတိလားပါလိမ့်တဲ့. . . (မှန်ပါ့) သို့သော် သာမညလူတွေတော့ မဟုတ်ဘူးပေါ့ ကိုစောမောင် . . . (မှန်ပါ့)။

ဟာ. . . သူကတော့ကွာတဲ့၊ သောတာပန်တည် သွားတော့ အခု စတုမဟာရာဇ် နတ်ပြည်မှာပဲ ဖြစ်နေတယ် ကွ၊ နောက်တစ်ခါဆက်မေးပြန်တယ်၊ ကြာတော့ မဖြေနိုင် ဘူးပေါ့ ကိုစောမောင် အသေကများနေပေါ့ (မှန်ပါ့) သူတော့ အပါယ်သွားတယ်ကွ၊ သူတော့ ဗြဟ္မာ့ပြည် သွားပြီပေါ့. . . အနာဂါမ်တည်သွားလို့၊ ဒီလိုဖြေရတာတွေက ဦးဘရှင်း အားပါ့မလား (မအားပါဘုရား)။

မအားတော့ ညီတော် အာနန္ဒာ မင်းက ငါ့ကို နှိပ်စက် တာပဲ၊ ဘယ်လူသေတိုင်း ငါ့လာမေးတယ်၊ နည်းတဲ့လူတွေ လည်း မဟုတ်ဘူး၊ ဟိုမြို့ကျလည်း မင်း ဒါမေးလို့ပြီးမှာ မဟုတ်ဘူး၊ ဟိုမြို့ကျတော့လဲ သေနှင့်မှာတွေက နည်းသလာ ဗျ. . . (မနည်းပါဘုရား) ဒေသစာရီလှည့်တာကိုး. . . (မှန်ပါ့)။

## အသေစိတ်ချရတာ ရှေ့ထားပါ

အဲဒီတော့ကွာ. . . တဲ့၊ သူ့ဟာသူ ရှေ့ထားပြီး သကာလ အသေစိတ်ချရတာ ရှေ့ထားပြီး သကာလ အသေစိတ်မချရတာ နောက်မှ လုပ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ငါရှင်းပြပါမယ်တဲ့ သဘောပါလား. . . (ပါ, ပါတယ်ဘုရား)။

အသေစိတ်ချရတာ ရှေ့ထားပြီးတော့ အသေစိတ်မချရတာ' နောက်ထားလုပ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ငါရှင်းပြမယ်တဲ့. . . ဆိုတော့ သူတို့ဟာသူတို့ သိတယ်ကွာ တဲ့ သူတို့ ပဋိစ္စသမုပ္ပါဒ် သူတို့ဖြတ်နိုင်တယ် မဖြတ်နိုင်ဘူး ဆိုတာ သူတို့သိတယ်တဲ့. . . (မှန်ပါ)။

အဲဒီတော့ သူတို့သိတော့ကိုတဲ့ ဩော် ငါအခုပဋိစ္စသမုပ္ပါဒ်ဖြတ်လိုက်တယ်၊ ဥပမာမယ် ဝေဒနာကလေး ရှုလိုက်တယ်၊ တဏှာကနေ ပြတ်သွားတယ် ဆိုကြပါစို့။

မောင်နိုင် ဝေဒနာဖြစ်ပျက်ရှုလိုက်တော့ တဏှာက ဝေဒနာ့ နောက်ကနေပြီးသကာလ မဂ်က မလိုက်ဘူးလား (လိုက်ပါတယ်ဘုရား) ဝိဇ္ဇာမဂ်ကလေ (လိုက်ပါတယ်ဘုရား) လိုက်တော့ တဏှာလာသေးရဲ့လား. . . (မလာပါဘုရား)။

အင်း. . . တဏှာမလာတော့ တဏှာက ပြိတ္တာဘုံ သွားမည့်ဥစ္စာ သွားသေးရဲ့လား. . . (မသွားပါဘုရား)။

မသွားလို့ရှိရင် မဂ်ပဲ ပို့ရုံကျန်တော့တယ်၊ တဏှာက

မရှိတော့ဘူး (မှန်ပါ့) တဏှာက မရှိတော့ မင်္ဂကပို့ရုံရှိတော့ တယ်ဆိုတော့ မဂ်က အောက်မဂ်ဖြစ်လို့ရှိရင်လည်း အပါယ် လေးပါး မပို့ဘဲနဲ့ အပါယ်လေးပါး တံခါးကိုပိတ်ပြီး သကာလ သုဂတိ ပို့လိုက်ရုံပဲ. . . (မှန်ပါ့)။

## တဏှာက ပြိတ္တာဘုံပို့မယ်

ဒီတော့ ဒါခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါ၊ တရားနာတဲ့ ဒကာဒကာမတွေပဲ စဉ်းစားကြည့်ပါ။ အင်း. . . ဒီဥစ္စာ တဏှာကဖြင့်လည်း ပြိတ္တာဘုံပို့မယ် (မှန်ပါ့) မဂ်ကဖြင့်လည်း သုဂတိနိဗ္ဗာန်ပို့မယ် (မှန်ပါ့) ဘယ်သူက ပြောနေတာတုံး ဒီ ပဋိစ္စသမုပ္ပါဒ်က ပြောနေတာ. . . (မှန်ပါ့)။

ဆက်တဲ့ ပဋိစ္စသမုပ္ပါဒ်က တဏှာနဲ့ ဆက်လိုက်လို့ ရှိရင် ကိုစောမောင် သူ ပြိတ္တာဘုံသွားမယ်လို့ တဏှာက ပြောနေတယ်။ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

အင်း. . . တဏှာမလာတော့ဘူးဘုရား၊ တပည့် တော် ဝေဒနာဖြစ်ပျက် ရှုလိုက်လို့ ဝေဒနာနောက်က ဝိဇ္ဇာ မဂ်ပဲလာတယ်ဆိုတော့ မဂ်က ပို့မှာပေါ့. . . (မှန်ပါ့) ဘယ် သူကပို့ရမှာတုံး. . . (မဂ်ကပို့ရမှာပါဘုရား) ခြေလျင်သွား လို့ရရဲ့လား. . . (မရပါဘုရား)။

## မဂ်ကသုဂတိနှင့် နိဗ္ဗာန်ပို့မှာ

အဲဒါ မဂ်ကပို့တယ်ဆိုတော့ အောက်မဂ်တည်တယ် ဆိုရင်လည်း သုဂတိပို့မှာပဲ (မှန်ပါ) အထက်မဂ်တည် ရင်လည်း နိဗ္ဗာန်ကျအောင် (ပို့မှာပါဘုရား) မပို့ပေဘူးလား (ပို့ပါတယ် ဘုရား)။

ဒါ. . . သူများမေးရမှာလား. . . ညီတော်အာနန္ဒာ ရ. . . တဲ့သူ့ဟာသူ သိပြီးသားပဲဆိုတော့ ငါဘုရား. . . မင်း မနှိပ်စက်ပါနဲ့ဆိုတာ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီ ဘုရား)။

ကဲ. . . ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်ဟာကိုယ်သာ မေးကြနော်. . . (မှန်ပါ) ကိုယ့်ဟာကိုယ် မေးတတ်အောင် လေးကိုလည်း ကိုစောမောင် အတော်သင်ပေးရတယ် (မှန်ပါ)။

ကိုယ့်သန္တာန် ပဋိစ္စသမုပ္ပါဒ်အတန်းကိုမှ ကိုယ် မမြင် လို့ရှိရင်လည်း ဦးဘရှင်း. . . ဘယ့်နှယ့်လုပ်မေးမှာတုံး. . . (မမေးနိုင်ပါဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ်တန်းလည်း ကိုယ့်စိတ်အစဉ်တွေ ကိုယ်သိထားတော့မှ ဩော်. . . ငါသေရင် အပါယ်သွားမှာ ဆိုတာလည်း မဖြတ်လို့ သူ့ဟာသူသိပြီ. . . (မှန်ပါ) ဖြတ်တဲ့ ပုဂ္ဂိုလ်က ငါဖြင့် မသွားတော့ဘူးဆိုတာကော. . . (သိပါပြီ ဘုရား)။

အဲဒါက ခုလိုဆရာသမားနဲ့ ဝိပဿာနာလုပ်ထားတဲ့ ပုဂ္ဂိုလ်မှ ဖြစ်တာကိုး. . . (မှန်ပါ့)။

ဒီပြင် ပုဂ္ဂိုလ်က ဒီအဖြစ်လာရဲ့လား. . . (မလာပါ ဘုရား)။

## အလွန့်အလွန်အရေးကြီးတယ်လို့မှတ်ပါ

ဒကာကြီးလှိုင် ခင်ဗျား ဒီဥစ္စာ မသေလို့ ကြားရတာ နော် (မှန်ပါ့) မသေလို့ကြားရတာ၊ ဒီဥစ္စာက တော်တော် အရေးကြီးရုံမကပါဘူး၊ အလွန့်အလွန် အရေးကြီးတယ်လို့ မှတ်ပါ၊ (မှန်ပါ့) သူများကို အမေးလွှတ် အခုဖော်ပြောနေတာ . . . (မှန်ပါ့) ဒကာဒကာမတွေ သူများ အမေးလွှတ်ပလား . . . (လွှတ်ပါပြီဘုရား)။

မောင်နိုင် သူများမေးရင် မှားမနော် (မှားပါမယ် ဘုရား)၊ စာအုပ်သွားကြည့်ရင်ကော. . . (မှားပါတယ် ဘုရား)။

တပည့်တော်ဟာ နိဗ္ဗာန်သွားမှာလား. . . သုဂတိ နတ်ပြည်သွားမှာလား. . . အပါယ်သွားမှာလား. . . ကိုယ့်ဟာကိုယ် ဘာမှ မဆုံးဖြတ်နိုင်လို့. . . ကိုယ်ကလည်း ဘာမှအခုလို ကိုယ့်စိတ်စဉ်တန်းတာကို ကိုယ်က ဖြတ်တတ် တဲ့သဘော, ဆက်တဲ့သဘော ဒီသဘောကို မသိဘဲကိုး

ဗျ. . . (မှန်ပါ့)။ မသိတော့ သူများချည့်သွား အားကိုးနေတယ်. . . (မှန်ပါ့)

ဒကာဒကာမတွေ ဘယ်သူ့သွား အားကိုးသလဲ. . . (သူများသွား အားကိုးပါတယ်ဘုရား)။

သူများအားကိုးလိုက်တော့ သူများက ခင်ဗျားတို့သန္တာန်မှာ သိသလား. . . (မသိပါဘုရား) စိတ်ကလေးတွေဖြစ်တာလေ. . . ကိုစောမောင် စိတ်တွေ တန်းနေတာ တစ်ခုချုပ်ပြီး တစ်ခု ဖြစ်နေတာ သူသိရဲ့လား. . . (မသိပါဘုရား)။

## တဏှာ၊ ဥပါဒါန်ကံကပို့တာ

မသိတော့ သူဘယ်လိုပြောလိုက်မယ်ထင်သတုံး၊ မင်းအနေအထိုင်ကတော့ ကောင်းသဟေ့. . . မင်းကလဲ ဥပုသ်သီတင်းကလေးနဲ့၊ ဟာ မင်းမပူနဲ့ကွာ. . . မင်းတော့ သုဂတိသွားမှာပဲဆိုတော့ ဟိုမှာ ဥပုသ်သီတင်းနဲ့ပေမယ့် တဏှာ, ဥပါဒါန်, ကံကတန်းနေရင် ဘယ့်နှယ်လုပ်မလဲ. . (မှန်ပါ့)။

ကိုပေါ်. . . (မပို့နိုင်ပါဘုရား) ဘယ်သူက ပို့မတုံး . . . ဒီဥပုသ်သီတင်းက ဘာဆိုင်သတုံးဗျ. . . ဝမ်းထဲတန်းတဲ့ တဏှာ, ဥပါဒါန်က ပို့ရမှာ. . . (မှန်ပါ့) တဏှာ, ဥပါဒါန်,

ကံတို့က ပို့ရမှာမဟုတ်ဘူးလား. . . (မှန်ပါ့)။

အဲဒီတော့ ဟိုလူပြောတာက မင်း ဥပုသ်စောင့်တာက ဥပုသ်တွေ တယ်များတာပဲကွ၊ မင်းတော့ကွာ. . . စိတ်ချပါ. . . ကိုစောမောင်က ဒါပြုံးလိုက်လိမ့်မယ် (မှန်ပါ့) နောက်က ဒကာဒကာမတွေကကော. . (ပြုံးမှာပါဘုရား)။

ပြုံးလွှဲကြီးပါကလား (မှန်ပါ့) ဘာဖြစ်လို့တုံး. . . (တခြားစီပါဘုရား)။

တခြားစီပဲ၊ သူ မသိတဲ့လူက ပြောထားတာ ခင်ဗျားတို့က ရမ်းပြီး ယုံနေလို့. . . (မှန်ပါ့)။

ဘယ်လိုဆိုကြမလဲ. . . (ရမ်းယုံလို့ပါဘုရား) ပြောတဲ့လူက ဘာတုံး. . . (မသိတဲ့လူပါဘုရား) ခင်ဗျားတို့ စိတ်စဉ်တန်းတာ သူမြင်ရသလား. . . (မမြင်ပါဘုရား)။

ဒါဖြင့် မမြင်ရတဲ့လူပြောတာ ခင်ဗျားတို့က လမ်းဆုံးနေမယ်ဆို အို. . . သူတို့က သက်ကြီးအိုမလို့ ခင်ဗျားတို့က ကိုင်ပေါက်ချင်သေးသလား၊ သွားမပေါက်နဲ့၊ သက်ကြီးအိုမပေမယ့် ဘာမှမဆိုင်ဘူး. . . (မှန်ပါ့)။

ခင်ဗျားတို့ စိတ်တန်းနေတဲ့အတိုင်းသာ မှုမှန်. . . (မှန်ပါ့) ခင်ဗျားတို့ စိတ်ပြတ်ရင်လည်း မှုမှန်. . . (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဘုရားက ညီတော်အာနန္ဒာ လူသေတိုင်း

ငါ့ကို မေးနေမယ်ဆိုလို့ရှိရင် သူတို့ဟာ သူတို့သိပါတယ်ကွ တဲ့. . . (မှန်ပါ့) ကဲ. . . ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဒကာဒကာမတို့ ဘာတဲ့. . . (သူတို့ဟာ သူတို့သိပါတယ်ဘုရား)။

ကဲ. . . အခုတရားနာနေကြတဲ့ ဘုန်းကြီးတို့ ဒကာဒကာမတွေ အများကြီးပါပဲ၊ ကဲ. . . ကိုယ့်ဟာကိုယ် အခုသိပြီ အင်း. . . မြင်တယ်၊ လိုချင်တယ်ဟုတ်လား. . . (မှန်ပါ့) မြင်တာကို ရှုလိုက်လို့ရှိရင်လည်း လိုချင်တာ မလာပါဘူး (မလာပါဘုရား) လိုချင်တာရှုလိုက်လို့ရှိရင်လည်း မောင်နိုင် ဥပါဒါန် လာသေးရဲ့လား. . . (မလာပါဘုရား) စွဲလမ်းတာ ရှုလိုက်ပြန်ရင်ကော ကံလာသေးရဲ့လား. . . (မလာပါ ဘုရား)။

ဘာကိစ္စရှိသတုံး. . . (မှန်ပါ့) ကံလာနေတယ်၊ ဥပမာမယ် ကိုစောမောင် သူသေမှ မသေသေးတော့ ဒီကံက အကျိုးပေးနိုင်ရဲ့လား (မပေးနိုင်ပါဘုရား)။

မပေးနိုင်ရင် ဒီကံကိုပဲ ဖြစ်ပျက်ရှုပေးလိုက် မဟုတ်တဲ့ ကံကို (မှန်ပါ့) မရဘူးလား. . . (ရပါတယ်ဘုရား)။

အဲဒီတော့ ကံနောက်ကပြတ်သွားတော့လည်း ဇာတိ လာနိုင်သေးရဲ့လား. . (မလာနိုင်ပါဘုရား) ဩော်. . . ဒါ ဘယ်သူက ပြောတာတုံး ကိုစောမောင်ရဲ့. . . (ပဋိစ္စသမုပ္ပါဒ်က ပြောတာပါဘုရား)။

ကိုယ်လုပ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်ဖြတ်တဲ့ဉာဏ်က ပြောတာ. . . (မှန်ပါ့) မဖြတ်ရင်လည်း ကိုယ့်ဟာကိုယ် သိတယ် . . . (သိပါတယ်ဘုရား) ဖြတ်ရင်ကော. . . (သိပါတယ် ဘုရား)။

## ငါသေရင်ဘယ်သွားမှာတုံး

ဒါဖြင့် ငါသေရင် ဘယ်သွားမှာတုံး၊ ငါ့မှာ ကုသိုလ်တွေလည်း လုပ်ထားတာ မနည်းဘူး၊ အကုသိုလ်တွေလည်း လုပ်ထားတာ မနည်းဘူး၊ ဘယ်သွားမှာတုံးဆိုတဲ့ဥစ္စာ ဘာမှ မမေးနဲ့၊ ကိုယ်ဖြတ်ထားလို့ရှိရင်ဖြင့် ဖြတ်တဲ့ဉာဏ်ကိုသာ အားကိုး (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘာတုံး. . . (ဖြတ်တဲ့ဉာဏ်အားကိုးရပါမယ်ဘုရား) ဖြတ်တဲ့ဉာဏ်အားကိုး. . . (မှန်ပါ့)။

ဒီဉာဏ်က ဖြတ်လိုက်တယ်ဆိုတော့ ဟိုဘက်ကို ဗရမ်းပတာဘေး သင့်သေးရဲ့လား. . . (မသင့်ပါဘုရား) ဗရမ်းပတာဘေး မသင့်ဘူးဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

အဲဒီတော့ ဘယ်သူ-သူတော်ကောင်းတယ်ဆိုတာ ကိုယ့်ကိုယ်ကိုအသိဆုံး (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ)။

## ပုတီးကိုင်ပေမဲ့ မဟုတ်သေးဘူး

ဘယ်သူ-သူတော်ကောင်းလုပ်နေတယ်၊ ပုတီးကြီး ကိုင်နေပေမယ့် မဟုတ်သေးဘူးနော်. . . (မှန်ပါ့) ကိုစောမောင်. . . တစ်တောင်လောက် ပုတီးကြီး လည်ပင်း စွပ်ပြီးသကာလ လမ်းလျှောက်ပြီး သွားနေပေမယ့်လည်း ဟုတ်ပလား. . . (မဟုတ်သေးပါဘုရား) ဝမ်းထဲက မနောဒွါရက ပဋိစ္စသမုပ္ပါဒ်တန်းနေရင် ဘယ့်နှယ်လုပ်ကြ မလဲ (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား) ဒါဖြင့် သူက ဥပုသ်နေ့ကျရင် စာဖတ်ပဟေ့-ကျုပ်တို့ရှမ်းစာ ဖတ်သလိုပေါ့ဗျာ. . . (မှန်ပါ့)။

## အကဲခတ်ရင်လွဲမယ်

စာဖတ်နေတော့ သူ့အသံသူ သာယာနေလို့ရှိရင် အသံကြားလို့ သာယာတယ်၊ သာယာရင် စွဲလမ်းမယ်၊ စွဲလမ်း ရင် အားထုတ်မယ်ဆိုတဲ့ ဝစီကံတွေနဲ့ ကိုစောမောင် ဘယ့်နှယ်တုံး (မှန်ပါ့တန်းပါတယ်ဘုရား) မတန်းသေးဘူး လား (တန်းပါတယ်ဘုရား)။

ဒါဖြင့်ဒီလူတော့ အပါယ်မသွားဘူးလို့ ခင်ဗျားတို့က ဘေးကနေ အကဲခတ်မလား. . . (မခတ်နိုင်ပါဘုရား)။

ဦးဘရှင်း အကဲခတ်ရင် လွဲမယ်. . . (မှန်ပါ့) မလွဲပေဘူးလား. . . (လွဲပါတယ်ဘုရား)။

အဲဒီတော့ ကိုယ့်စိတ်စဉ်ဘယ်စိတ်လာလာ၊ နောက်က ဉာဏ်ကလေးနဲ့ ဖြတ်လိုက်လို့ရှိရင် ဒီစိတ်ဟာ ရှေ့တန်းနိုင်သေးရဲ့လား. . . (မတန်းနိုင်ပါဘုရား)။

မတန်းနိုင်တော့ ဒကာဒကာမတို့ ဗရမ်းပတာဘေးလွတ်မလွတ်. . . (လွတ်ပါတယ်ဘုရား)။

ဒါဖြင့် ဘယ့်သူ့မေးကြမတုံး. . . (ကိုယ့် ပဋိစ္စသမုပ္ပါဒ် ကိုယ် မေးရပါမယ်ဘုရား)။

ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ငါ ဖြတ်မိသလား၊ မဖြတ်မိဘူးလား ဒါမေးရုံပဲ. . . (မှန်ပါ့)။

## မဖြတ်မိရင် ဗရမ်းပတာဘေးသင့်မှာပဲ

မောင်နိုင် မဖြတ်မိရင် ငါ ဗရမ်းပတာဘေး သင့်မှာပဲ. . . (မှန်ပါ့) ဖြတ်မိရင်. . . (ဗရမ်းပတာဘေး မသင့်ပါဘုရား)။

ဗရမ်းပတာဘေးလွတ်မယ်ဆိုတော့ ဩော်. . . ဒါကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက် ချရတာပါလား. . . (မှန်ပါ့)။

ဒကာဒကာမတို့ ဘယ့်နှယ်ဆိုကြမယ်. . . (ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက် ချရပါမယ်ဘုရား)။

အဲဒီတော့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက် ချနိုင်တာ ဟာ သောတာပန်မှဟော့. . . (မှန်ပါ့)။

လာပြီ မောင်နိုင်၊ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက် ချနိုင် တာ. . . (သောတာပန်ပါဘုရား) သူက ဖြစ်ပျက်မြင်လို့ ဆုံးဖြတ်ချက်ချနိုင်တာကိုး. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဖြစ်ပျက်မြင် ဖြစ်ပျက်ဆုံးတော့ သူ ဆုံးဖြတ်ချက် မချ နိုင်ဘူးလား. . . (ချနိုင်ပါတယ်ဘုရား)။

ဟာ. . . ဒါဖြင့် ခင်ဗျားတို့သည် အင်မတန် အဖိုး တန်တဲ့ ဒကာဒကာမတွေထဲ ပါဝင်သွားပါပြီ. . . (မှန်ပါ့)။

နောက်တော့ တပည့်တော်တို့ ကိုယ့်သန္တာန် ပဋိစ္စ သမုပ္ပါဒ်နဲ့ အသက်ရှင်နေတာ ဖြစ်နေတော့ ပဋိစ္စသမုပ္ပါဒ် ဆိုတဲ့ စိတ်အစဉ်ပေါ်တိုင်း-ပေါ်တိုင်း နားခေါင်းပေါက်က ပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကော. . . (ရှိပါတယ်ဘုရား) ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ခြောက်မျိုးပေါ့ မောင်နိုင်ရ. . . (မှန်ပါ့)။

နားပေါက်ကပေါ်တာ. . . (တစ်မျိုးပါဘုရား) မျက်လုံးပေါက်ကပေါ်တာ. . . (တစ်မျိုးပါဘုရား) နှာခေါင်း ပေါက်ကပေါ်တာ. . . (တစ်မျိုးပါဘုရား) လျှာပေါက်က ပေါ်တာ . . . (တစ်မျိုးပါဘုရား) ကိုယ်ပေါက်ကပေါ်တာ

. . (တစ်မျိုးပါဘုရား) ဝမ်းထဲ မနေပေါက်ကပေါ်တာ (တစ်မျိုး ပါဘုရား)။

## ဖြစ်ပျက်ရှုတာဖြတ်လိုက်တာ

အဲဒီခြောက်မျိုးကို ခင်ဗျားတို့က လာတိုင်းလာတိုင်း ဖြစ်ပျက်ရှုပြီး၊ ဖြစ်ပျက်ရှုဆိုတာ ဖြတ်လိုက်တာပဲ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဖြတ်လိုက်တော့ကို သူ့ပဋိစ္စသမုပ္ပါဒ်သည် ဇရမ်းပတာဘေးဆီ သွားမလို့ လာတာကို ကျုပ်တို့က သွားခွင့်ကျခွင့် ပေးသေးသလား. . . (မပေးပါဘုရား)။

အင်း. . ဘယ်သူက မပေးသတုံး. . . (ပဋိစ္စသမုပ္ပါဒ် ဖြတ်ချလိုက်လို့ပါဘုရား) ပဋိစ္စသမုပ္ပါဒ်ကို ကျုပ်တို့ ဝိဇ္ဇာနဲ့ ဖြတ်ချလိုက်တယ်. . . (မှန်ပါ့) သိလုံးကလေးနဲ့ ဖြတ်ဖြတ် ဖြတ်ဖြတ်ပြီး ချလိုက်တော့ ဦးဘအုန်းကြီး သူများမေးစရာ လိုသေးသလား (မလိုတော့ပါဘုရား)။

ဟာ. . . ဒီတစ်ခါတော့ ကျွံသွားပြီ၊ ဟုတ်လား. . . (မှန်ပါ့) ကျွံသွားလည်း မကြောက်ပါနဲ့၊ ဒီတစ်ခါတော့ လွတ်သွားတယ်ဘုရား၊ မဖြတ်မိဘူး ဟုတ်လား၊ မကြောက်ပါနဲ့တဲ့ မောင်နိုင်နော်. . . (မှန်ပါ့)။

## လစ်ချင်လစ်ပါစေ၊ မလစ်ရင်သာကောင်းတယ်

ကိုယ် အသက်ရှင်နေသေးလို့ ရှိရင်ဖြင့် နောက်တစ်ခါ ပြန်ပွားပေါ့. . . (မှန်ပါ့) ပြန်ပွားတဲ့ အခါ ကျလို့ရှိရင် ဒီလိုပဲ လစ်တာတွေတော့ ဘယ်နည်းမတုံးဗျာ. . (မှန်ပါ့)။

လစ်ချင်လစ်ပစေ၊ မလစ်ရင်သာ ကောင်းတယ် (မှန်ပါ့)။

သို့သော်လည်း. . . တဲ့၊ ခင်ဗျားတို့ ပထမ ရှေးဦးစွာ တော့ဖြင့် မလစ်တဲ့အလုပ်ကို အရင် လုပ်ပစ်လိုက်လို့ရှိရင် နောက်မှလစ်တာ အရေးမကြီးဘူး. . . (မှန်ပါ့)။

တစ်ခါ မဂ်စစ် ဆိုက်သွားတော့ ဖြတ်တဲ့မဂ်က အစစ်ဖြစ်သွားတဲ့အခါကျတော့ နောက်ဟာတွေ လစ်ချင်လစ် (မှန်ပါ့) ဝိသာခါတို့ လစ်တာပေါ့ဗျာ. . . (မှန်ပါ့)။

ခုနစ်နှစ်က နေပြီး သကာလ သောတာပန်တည်တယ်၊ နောက် သူ့ခင်ပွန်းသည်နဲ့ အိမ်ထောင်ကျတော့ ကိုစောမောင် သားရေး၊ သမီးရေး၊ စီးပွားရေးတွေက မလစ်ပေဘူးလား (လစ်ပါတယ်ဘုရား)။

လစ်ပေမယ့်လည်း ဟိုဟာက ရှေးကျတဲ့အတွက် သူ့ဗရမ်းပတာ ဘေးသင့်သေးရဲ့လား. . . (မသင့်ပါဘုရား)။

ဒါဖြင့် ရှေ့ နောက် ခွဲတာ ကိုစောမောင် မှားသလား၊ မှန်သလား. . . (မမှားပါဘုရား)။

**ရှေ့နောက်လွဲနေတယ်**

အခု ခင်ဗျားတို့ဖြစ်နေတဲ့ ဥစ္စာက ရှေ့နောက် လွဲနေတယ်၊ (လွဲပါတယ်ဘုရား) ဦးဘရှင်းတို့ ဖြစ်စဉ်က. . . (လွဲပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး. . . သားရေး၊ သမီးရေး၊ စီးပွားရေး ရှေ့ထားတယ်၊ ဟုတ်လား. . . (မှန်ပါ့) အသေစိတ်ချတာ ကို. . . (နောက်ထားပါတယ်ဘုရား)။

နောက်ထားနေတော့ကို. . . လွဲနေတော့ အခုမှီတဲ့ ဒကာဒကာမတွေကျတော့ အခု အသက်ရှင်နေတာ ဟူသ၍ တော့ မှီသေးတယ် မှတ်လိုက်ပါ. . . (မှန်ပါ့)။

အသက်ရှင်နေတဲ့ ဒကာဒကာမတွေ (မှီပါတယ် ဘုရား) မှီသေးတယ်၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခြောက်မျိုးပဲ ရှိတယ်. . . (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး ရှိသလဲ. . . (ခြောက်မျိုး ရှိပါတယ်ဘုရား)။

မျက်လုံးပေါက်ကလာတာ တစ်မျိုး. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ) နားပေါက်က. . . (တစ်မျိုးပါဘုရား) နှာခေါင်းပေါက်က. . . (တစ်မျိုးပါ ဘုရား)။

အဲဒီ လာတိုင်းလာတိုင်း သူလာမယ်ဆိုရင်လည်း ဒီပြင်များများ မလာပါဘူး၊ မောင်နိုင်ရ မြင်တယ် ဟုတ်လား . . (မှန်ပါ့) အဲ. . . မြင်လို့ရှိရင်ဖြင့် လှူချင်တယ်၊ တန်းချင်တယ်၊ ပေးချင်တယ်၊ ကမ်းချင်တယ်လည်း လာမှာပဲ. . . (မှန်ပါ့)။

မြင်တော့ ဝယ်ချင်တယ်၊ ဝယ်ပြီး စွဲလမ်းတယ်၊ စွဲလမ်းပြီး လှူမည့်စေတနာ လာချင်လာတယ်. . . (မှန်ပါ့)။

လာချင်လာ မလာချင်နေ၊ ဒီဥစ္စာ ခင်ဗျားတို့ ဒီမြင်စိတ်ကိုပဲ ဖြတ်ချင်ဖြတ်ချလိုက် (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ပြီးတော့မှ လိုချင်စိတ်ကကော (ဖြတ်ချရပါမယ်ဘုရား)။ ဖြတ်ချင်ဖြတ်၊ အင်း. . . အင်း လှူတဲ့ စိတ်ကိုပဲ ဖြတ်ပျက်ရှုချင်ရှု (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား) ဟိုဘက်ဆက်သေးရဲ့လား. . . (မဆက်ပါဘုရား)။

မဆက်တော့ဘူးဆိုတော့ ငါသည်ကားလို့ဆိုရင်ဖြင့် သုဂတိဘေးတောင် သင့်သေးရဲ့လား (မသင့်ပါဘုရား)။

သုဂတိလဲ သုဂတိဆိုင်ရာနဲ့တော့ ဒုက္ခသစ္စာလာမှာမို့ ကိုစောမောင်ဘေးပေါ့ဗျ (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

အဲဒါတောင် ကန့်ကွက်နိုင်ပါတယ်ဆိုတော့ မကုန်သေးဘူးလား. . . (ကုန်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ ဒကာဒကာမတွေ သန္တာန်မှာ ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးရှိသလဲ (ခြောက်မျိုးရှိပါတယ်ဘုရား) ပစ္စုပ္ပန်မှာ တွေ့ရမှာပေါ့ဗျာ (မှန်ပါ့) ဟို စာကြီးသွားကြည့်မနေနဲ့ (မှန်ပါ့) ကိုယ့်သန္တာန် ခြောက်မျိုးပေါ်တိုင်းပေါ်တိုင်းသာ သိပေး. . . (မှန်ပါ့)။

ဒကာကြီးလှိုင် ကိုယ့်သန္တာန် ဘယ်နှစ်မျိုး ပေါ်သလဲ . . . (ခြောက်မျိုးပါဘုရား) ဒွါရခြောက်ပေါက်ကိုးဗျ . . . (မှန်ပါ့) ခြောက်မျိုးပဲပေါ်မယ် ကိုစောမောင်၊ ဒီ့ပြင်အပိုပေါ်နိုင်ပါ့မလား (မပေါ်နိုင်ပါဘုရား)။

မပေါ်နိုင်တော့ ပေါ်တဲ့စိတ်ကလေးတွေကို ရှေ့ဟာမမိလိုက်ရင် နောက်ဟာမိအောင် လုပ်တာပေါ့ . . . (မှန်ပါ့) နောက်ဟာ မမိလိုက်လို့ရှိရင် ဒီ့နောက်ဟာမိအောင် လုပ်တာပေါ့ . . . (မှန်ပါ့) လုပ်လိုက်ပြန်လို့ရှိရင်လည်း ပြီးမသွားဘူးလား (ပြီးသွားပါတယ်ဘုရား)။

ပြီးသွားတော့ကို သူ့ထုံးစံကတော့ဖြင့် ကုသိုလ်ကံဖြင့်လဲ "ကမ္မဘဝ ပစ္စယာ ဇာတိ" ဆိုပြီး သုဂတိ သွားဦးမှာပဲ နတ်ပြည်ကို . . . (မှန်ပါ့)။

အကုသိုလ်ကံဖြင့်လဲ " ကမ္မဘဝ ပစ္စယာ ဇာတိ"ဆို ပြီးအပါယ်လေးပါးလားဦးမှာပဲ . . . (လားဦးမှာပါဘုရား)။

## ဒုဂ္ဂတိတော့ဖြတ်ဖြစ်အောင်ဖြတ်ပါ

အဲဒီလားမှာတွေကို၊ သုဂတိသွားမှာတွေကို မဖြတ် ချင်နေ၊ ဒုဂ္ဂတိ သွားမှာတွေကျတော့ ဖြတ်ဖြစ်အောင် ဖြတ် လိုက်လို့ရှိရင် မရှင်းဘူးလား . . . (ရှင်းသွားပါတယ်ဘုရား)။

သုဂတိသွားတာကို ဖြတ်ခိုင်းတာကတော့ နိဗ္ဗာန် အစစ်ကို မြန်မြန်ကြီးရအောင် (မှန်ပါ့) ဒုဂ္ဂတိသွားတာကို အဖြတ်ခိုင်းတာကတော့ အပါယ်လေးပါး တားချလိုက်တာ . . . (မှန်ပါ့တားချလိုက်တာပါဘုရား) ရိပ်မိကြပလား (ရိပ်မိ ပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်မှန်လို့ရှိရင် ဒုဂ္ဂတိသွား တဲ့ကံကိုလည်းဖြတ်ရမယ်၊ သုဂတိသွားတဲ့ကံကိုကော . . . (ဖြတ်ရပါမယ်ဘုရား) ဖြတ်ရမှာပဲ ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

သို့သော် ခင်ဗျားတို့ကို အကြီးအကျယ် အခုသတိပေး ချင်တာက ဒုဂ္ဂတိသွားမည့်ကံကို အရင်ဖြတ်ဖို့ အရေးကြီး တယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘယ်ဟာ အရေးကြီးပါလိမ့် . . . (ဒုဂ္ဂတိသွားမည့် ကံကိုအရင်ဖြတ်ရပါမယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေကို ယနေ့မှန်ကလေးပေး လိုက်ပါတယ် . . . (မှန်ပါ့)။

ဘာပေးလိုက်သလဲ (မှန်ကလေးပေးလိုက်ပါတယ် ဘုရား)။ မှန်ပေးလိုက်တယ်တဲ့ . . . မှန်ပေးလိုက်တော့ကို ကိုယ့်ဖြစ်စဉ်ကိုကိုယ်ကြည့်ပါ . . . (မှန်ပါ့)။

ကိုယ့်ဖြစ်စဉ် ကိုယ့်ဉာဏ်နဲ့ကြည့်လိုက်တော့ ဟာ . . . ဖြစ်စဉ်တွေက ဘယ်သူ ဘယ်သူပါလားဆိုတာ ပေါ် မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတဲ့အခါကျတော့ ဟင် . . . ခုနင်က ဖြစ် သွားတဲ့တရားကတော့ဖြင့် အပါယ်သွားမှာလား၊ နောက်ဖြစ် တဲ့တရားကတော့ဖြင့် ဖြစ်ပျက်တွေသိပြီးသကာလနေတော့ နိဗ္ဗာန်သွားမှာပါလားဆိုတာ မသိဘူးလား . . . (သိပါတယ် ဘုရား)။

အဲဒီတော့ ကိုယ့်ဟာကိုယ် သိပြီးသားပါ . . . (မှန်ပါ့) သူများမေးရင် လွဲပါလိမ့်မယ် . . . (လွဲပါတယ်ဘုရား) စာအုပ်ကြည့်ရင် (လွဲပါတယ်ဘုရား)။

စာအုပ်က လူများစုအတွက် ရေးထားတာ . . . (မှန်ပါ့) ကိုယ်တစ်ယောက်အတွက်ကတော့ . . . ကိုယ် အသိဆုံး . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီ)။

ကိုယ့်တစ်ယောက်အတွက်ကတော့ . . . (ကိုယ် အသိဆုံးပါဘုရား)။

ကိုယ်အသိဆုံးဆိုတော့ ဦးဘရှင်း ဒီနေ့တရားဟာ အတော်ကျေနပ်ဖို့ကောင်းပြီ . . . (မှန်ပါ့)။

ဘာ့ကြောင့် ဒီနေ့တရားကို ဘုန်းကြီးဒီနေ့ စ,ဟောရပါလိမ့်မလဲလို့ ကိုစောမောင်က မေးတော့ ရှင်အာနန္ဒာက အုတ်တိုက်ပေါ်တဲ့ရွာကို သွားတယ်မဟုတ်လား . . . (မှန်ပါ့)။

ဘယ်သူသေ ဘယ်သွားသတုံး . . . ၊ ဘယ်သူသေ ဘယ်ရောက်သတုံးဆိုပြီး မောင်နိုင်မေးလို့ ဘုရားကကွာ-တဲ့ ငါ့ကိုမညှဉ်းဆဲပါနဲ့တဲ့၊ သဘောပါပလား . . . (ပါ, ပါပြီ)။

ငါ့မညှဉ်းဆဲပါနဲ့၊ သူတို့ဆရာကောင်းတပည့်မှန်လို့ရှိရင် သူတို့ ပဋိစ္စသမုပ္ပါဒ်ကို သူတို့ဖြတ်တာလည်း သိတယ်ကွာ . . . ၊ ဆက်တာလည်း သိတယ်၊ ပြတ်တာလည်း သိတယ် . . . (မှန်ပါ့)။

ဆက်တာသိရင် သုဂတိလည်း သူ့ဟာသူ ဆုံးဖြတ်ချက်ချမှာပဲဟုတ်လား . . . (မှန်ပါ့) အပါယ်ဆက်မိလို့ရှိရင်လဲ အပါယ်ရောက်လိမ့်မယ်လို့ သူဟာသူသိတယ်၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဖြတ်တဲ့ပုဂ္ဂိုလ်ဖြင့်လည်း သူ့ဟာသူ သုဂတိကိုသွားလိမ့် မယ်၊ နိဗ္ဗာန်ကို သွားလိမ့်မယ်လို့ သူ့ဟာသူ သိပါတယ်ကွာ . . . တဲ့။ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)

## သောတာပန်မျိုးစေ့

အဲဒီလို သိတာက ဘယ်လိုပုဂ္ဂိုလ်မှ သိသတုံးလို့ မေးတဲ့အခါကျတော့ သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်မှ ပိုသိတယ် (မှန်ပါ့) . . . ခင်ဗျားတို့က အခု သောတာပန်မျိုးစေ့တွေမို့ လာတိုင်းသိအောင် လုပ်နေတယ် (မှန်ပါ့) ကြာတော့ အသိဆုံးရင် သောတာပန်အသိရောက်တာပဲ . . . (မှန်ပါ့)။

သောတာပန်လည်း ဒီအစဉ်သိတာပဲ (မှန်ပါ့) ခင်ဗျားတို့ကော (ဒီအစဉ်ပဲ သိတာပါပဲဘုရား)။

အဲဒီအစဉ်သိတော့ ဒီအစဉ်သိတာ ဆုံးသွားတဲ့ တစ်နေ့ကျတော့ ဥပမာ . . . သိလုံးကလေးတွေက ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက် ဖြစ်ပျက်ဆိုတဲ့ ဖြစ်ပျက်ကလေးတွေပဲ သိနေတာကိုးဗျ . . . (မှန်ပါ့) အဲဒီ သိလုံးကလေးတွေ ဆုံးသွားတော့ ဘာခေါ်ကြမယ် . . . (နိဗ္ဗာန်ပါဘုရား)။

နိဗ္ဗာန်ဆိုတော့ နောက်သိတဲ့အသိကျတော့ တကယ် မဂ်စစ်အသိ . . . (မှန်ပါ့) အရင်သိနေတာကတော့ ဝိပဿနာမဂ်နဲ့သိနေတာ . . . (မှန်ပါ့)။

## သောတာပန်အသိ

နောက်ဆုံးပြီးမှသိတဲ့အသိကတော့ (မဂ်စစ်သိပါဘုရား) မဂ်စစ်နဲ့ သိတဲ့အသိ ဖြစ်နေတော့ အဲဒါကတော့

သောတာပန်အသိ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အရင်သိတာကတော့ အခု ဆရာပေးထားတဲ့ နည်းနဲ့ သိတာကတော့ သောတာပန်မျိုးစေ့အသိ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

**စူဠသောတာပန်အသိ**

ဒါဖြင့် အရင်ခုလို ရှုခိုင်းနေတဲ့အသိက စူဠသောတာပန်အသိ . . . (မှန်ပါ့) ဟုတ်လား . . . နောက် နိဗ္ဗာန်တည်းဟူသောအဆုံးကို မြင်ပြီးမှ သိတဲ့အသိကတော့ မဟာသောတာပန်အသိ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

အသိ ဘယ်နှစ်မျိုးဟောလိုက်ပါလိမ့် (နှစ်မျိုးဟောပါတယ်ဘုရား)။

ကဲ . . . အခုသိနေတာကတော့ တပည့်တော်တို့ စိတ်ကလေးဟာ ဘုရား . . . ဖြစ်ပြီး ပျက်နေတာပဲလို့ သိနေပြီဆိုတော့ သူ့ ပဋိစ္စသမုပ္ပါဒ် သူဖြတ်နေတာ . . . (မှန်ပါ့) ဒီအသိကတော့ စူဠသောတာပန်အသိ။

စူဠဆိုတာ အငယ်ပေါ့ဗျာ. . . (မှန်ပါ့) ကိုစောမောင် တစ်ဘဝ အပါယ်မလားဘူး၊ ဒီအသိကလည်း သေးတာ မဟုတ်ဘူး . . . (မှန်ပါ့)။

## သောတာပန်ကောန်ဖြစ်မယ်

ဒီအသိနဲ့ သေသွားလို့ရှိရင် သုဂတိရောက်မယ်၊ သုဂတိရောက်ရင် မဟာသောတာပန် ဧကန်ဖြစ်ရမယ် . . . (မှန်ပါ့)။

သူကလည်း ညံ့တာ မဟုတ်ဘူး။ သို့သော် ခင်ဗျား တို့က အကြွေးမထားပါနဲ့ ဟုတ်လား၊ အသိဆုံးအောင် လိုက် လိုက်ပါ . . . (မှန်ပါ့) မကောင်းကြဘူးလား . . . (ကောင်း ပါတယ်ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ကဲ . . . ယနေ့ ဒီတွင် ဝေါကြဦးစို့ ။

သာဓု . . . သာဓု . . . သာဓု။